မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၉ရက်၊ ၂၀၁၀ခုနှစ်၊ စက်တင်ဘာ ၁၇ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၄၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း ရေဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းသည် စက်တင်ဘာ ၁၅ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာမှူးကြီးက ပင်မတံတားလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဘိုးပိုင်အမှတ် P-10၊ P-11 နှင့် ရေလယ်တိုင် P-16 ပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်လှမင်းက စီမံကိန်းရှင်းလင်းဆောင်မှ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ပြီးစီးမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

လွှတ်တော်ရွေးကောက်ပွဲမဲစာရင်းများ ကြေညာမည်ဖြစ်ကြောင်း သတင်းရရှိ

နေပြည်တော် စက်တင်ဘာ ၁၆

၂၀၁၀ပြည့်နှစ် နိုဝင်ဘာ ၇ရက်တွင် ကျင်းပမည့် လွှတ်တော်ရွေးကောက်ပွဲများအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်း(မဲစာရင်း)ကို စက်တင်ဘာ ၂၀ရက်တွင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၌ ကြေညာမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းမဲစာရင်း၌ အမည်ပါဝင်ခြင်းမရှိ၍ အမည်ထည့်သွင်းပေးရန် တောင်းဆိုလိုသူများသည် နည်းဥပဒေ ၉အရ မဲစာရင်းတွင် အမည်စာရင်းထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃)ဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ မဲစာရင်း ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ခုနစ်ရက်အတွင်း တင်သွင်းနိုင်ကြောင်း။

လျှောက်ထားနိုင်

အနည်းဆုံး ရက်ပေါင်း ၁၈၀ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များသည် မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးလိုပါက ရောက်ရှိနေသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထပ်ဆင့်ထောက်ခံချက်ဖြင့် မဲစာရင်း၌ မိမိတို့၏အမည်ကို ထည့်သွင်းပေးပါရန် ရွေးကောက်ပွဲကျင်းပမည့် နေ့မတိုင်မီ ရက်ပေါင်း ၃၀ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ(၃-က)ဖြင့် လျှောက်ထားနိုင်ကြောင်း။

ပြင်ဆင်

မဲစာရင်းပါအမည်၊ အချက်အလက်များအား ပြင်ဆင်ကန့်ကွက်လိုပါက မဲစာရင်းထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ခုနစ်ရက်အတွင်း နည်းဥပဒေ ၁၁(က)အရ ပုံစံ(၄)ဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသို့ တင်သွင်းဆောင်ရွက်နိုင်ကြောင်း။

ပြောင်းရွှေ့

မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းမှ အခြားမဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းသို့ ပြောင်းရွှေ့လိုလျှင် အိမ်ထောင်စုစာရင်း ပုံစံ(၁၀)နှင့်အတူ လက်ရှိ မဲဆန္ဒနယ် မဲစာရင်း၌ မိမိအမည်ကို ပယ်ဖျက်၍ အခြားမဲဆန္ဒနယ်သို့ ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာပုံစံ(၄-က)ဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသို့ တင်သွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်း၏ မြေသားလမ်းတစ်နေရာ။

လမ်းမကြီးခုနစ်သွယ်ဖြင့် ရိုးမကိုအောင်မြင်ခြင်း

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်း

➤ သတင်းဆောင်းပါးနှင့်ဓာတ်ပုံ – ရန်ကြီးအောင် ➤

နေပြည်တော် စက်တင်ဘာ ၁၆

ပဲခူးရိုးမသည်ကား ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အတွင်း တောင်မြောက်ရှည်လျားစွာတည်ရှိသော တောင်တန်းကြီးဖြစ်သည်။ ထို့ကြောင့် ရိုးမကို ဖြတ်ကျော်ဖောက်လုပ်သော လမ်းမကြီး ခုနစ်လမ်းသည်လည်း အဆိုပါ တိုင်းဒေသကြီးများအတွင်း၌ပင် တည်ရှိသည်။ မကြာမီလပိုင်းအတွင်းက မကွေးတိုင်းဘက်သို့ ခရီးဆန့်ခဲ့ရာ ရိုးမဖြတ်လမ်းကြီးအဖြစ် အသစ်ဖောက်လုပ်လျက်ရှိသော **နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းမကြီး** သို့ သွားရောက်လေ့လာဖြစ်ခဲ့သည်။

တည်ရှိ

ကန်ပြားကျေးရွာသည် မကွေးမြို့မှ ခုနစ်မိုင်ခန့်ကွာဝေးပြီး မကွေး-မန္တလေး လမ်းမကြီးပေါ်ရှိ ရွာတစ်ရွာဖြစ်သည်။ နည်းပညာတက္ကသိုလ်(မကွေး)မှာ ယင်းရွာအနီးတွင် တည်ရှိသည်။

ထို့ပြင် အဆိုပါရွာအနီးတွင် နတ်မောက်မြို့နှင့် ပျော်ဘွယ်မြို့သို့ ဆက်သွယ်ထားသည့် မကွေး-နတ်မောက်-ပျော်ဘွယ်လမ်းဆုံရှိသည်။ လမ်းဆုံအနီးတွင်တော့ ညီညာပြန့်ပြူးသော မြေသားလမ်းသစ်ကြီးတစ်ခု ဖောက်လုပ်ပြီးစီးနေပေပြီ။ *စာမျက်နှာ ၁၀ ကော်လံ ၁* ❐

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၇ ရက်)

ရေမြေသယံဇာတထုတ်ကုန်များ နည်းပညာများအသုံးချ တိုးမြှင့်ထုတ်လုပ်

မြန်မာနိုင်ငံသည် ရေ၊ မြေသယံဇာတနှင့်ပြည့်စုံသောနိုင်ငံဖြစ်သည်။ စိုက်ပျိုးမွေးမြူနိုင်သော မြေလွတ်မြေရိုင်းများရှိသကဲ့သို့ သားငါးများ မွေးမြူပေါက်ပွားနိုင်သည့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များလည်းပေါများစွာ ဖြစ်တည်လျက်ရှိသည်။

၁၉၈၈ခုနှစ်က နိုင်ငံတစ်ဝန်း၌ စိုက်ပျိုးမြေဧက ၂၃ဒသမ ၈သန်းရှိခဲ့ရာမှ ယခုအခါ ၅၃ဒသမ ၁သန်းအထိတိုးတက်လာခဲ့ရာ စပါးထုတ်လုပ်မှုများသည်လည်း တိုးမြှင့်လာခဲ့သည်။ ၁၉၈၈ခုနှစ်က စပါးတင်း သန်းပေါင်း ၆၃၀ သာ ထွက်ရှိခဲ့ရာမှ လက်ရှိတွင် စပါးတင်း သန်းပေါင်း ၁၅၆၀ ထွက်ရှိခဲ့သည်။ ယခု ၂၀၁၀-၂၀၁၁စိုက်ပျိုးရာသီတွင် စပါးတင်းသန်း ၁၆၂၅ ထွက်ရှိနိုင်ရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

စားသုံးသီးနှံဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲစသည်တို့ကိုလည်း တိုးချဲ့စိုက်ပျိုးလျက်ရှိရာ အောင်မြင်မှုရရှိခဲ့သဖြင့် ပြည်ပသို့ တိုးမြှင့်တင်ပို့ရောင်းချနိုင်ခဲ့သည်။ စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ရော်ဘာ၊ ဆီအုန်း၊ ကြံ၊ ဝါတို့ကိုလည်း ရာသီဥတုနှင့် ကိုက်ညီသည့်ဒေသများ၌ စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

စိုက်ပျိုးသီးနှံအတွက် လိုအပ်သောရေ လုံလောက်မှုရရှိရန် ဆည်တမံတည်ဆောက်ခြင်း၊ ရေထိန်းတံခါးများတည်ဆောက်ခြင်း၊ စက်ရေတွင်းများတူးဖော်ပေးခြင်းတို့ဖြင့် နည်းလမ်းပေါင်းစုံသုံး၍ ရေရရှိရေးများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် ကမ်းရိုးတန်းနယ်နိမိတ်အဖြစ် ပင်လယ်ရေပြင်ပိုင်နက်များစွာကို ပိုင်ဆိုင်ထားသည့်အပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ ပေါများသည့်အလျောက် ရေလုပ်ငန်းများကို တိုးမြှင့်လုပ်ကိုင်လျက်ရှိသည်။ ရေလုပ်ငန်းများကို တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များကိုပါ လုပ်ကိုင်ခွင့်ပြုထား၍ သားငါးကဏ္ဍကို တိုးမြှင့်ထုတ်လုပ်နိုင်လျက်ရှိသည်။ ငါးမွေးကန်များ တိုးချဲ့ဆောင်ရွက်ခဲ့ရာ ၁၉၈၈ခုနှစ်တွင် ငါးမွေးကန်ပေါင်း ဧက ၆၃၀၀ရှိခဲ့သော်လည်း ယခုအခါ စုစုပေါင်း ၂၁၇၈၆၃ဧကအထိ တိုးချဲ့မွေးမြူထုတ်လုပ်နိုင်ခဲ့သည်။ ငါးမွေးကန်များ တိုးချဲ့လုပ်ကိုင်သည်နှင့်အမျှ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာခဲ့သည်။

သို့ဖြစ်ပေရာ တိုင်းရင်းသားပြည်သူများနှင့် လုပ်ငန်းရှင်များသည် ရေနှင့်မြေသယံဇာတများ ပေါကြွယ်ဝသော သဘာဝရေခံ၊ မြေခံကောင်းများကို မိမိတို့၏ အသိပညာ၊ နည်းပညာများကိုအသုံးချလျက် ရေလုပ်ငန်းထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်သည်နှင့်အမျှ မိမိတို့၏ လူမှုစီးပွား ဘဝသာမက နိုင်ငံတော်၏စီးပွားရေးအတွက်ပါ များစွာအထောက်အကူပြု တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်းအကြံပြု ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၆

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် စက်တင်ဘာ ၈ရက် နံနက်ပိုင်းက လားရှိုးမြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသော နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဆုရကျောင်းသား ကျောင်းသူများ၏ ကဗျာ၊ ကာတွန်း၊ ပိုစတာနှင့် စာအုပ်စာစောင်များကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မိုင်းကောင်ကျေးရွာ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ချီးမြှင့်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေခင်းသာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ သာကေတမြို့နယ်၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ရွှေခင်းသာရပ်ကွက်တွင် စက်တင်ဘာ ၉ ရက် နံနက် ၈ နာရီက ရွှေခင်းသာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ (ဝဲပုံ)နှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကျင်းပသည်။

အလှူငွေပေးအပ်

ယင်းအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကံစောလှိုင်က အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းရိုးယဉ်တို့က အမှာစကားပြောကြားကြပြီး အလှူငွေများကို ပေးအပ်ကာ ရွှေခင်းသာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီနာယက ဦးဝင်းငွေက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ (၁၁၆)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(စနေနေ့+နံနက်+နေ့လယ်+ည)

၁၈-၉-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော်
(တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့
(ဓမ္မပဒလာဆုံးမစာများ)
တေးပဒေသာ
၈း၄၀ ဘဝအသွင်ကဗျာ့အမြင်
(ရိက္ခာ)
တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ ရင်ခုန်စီးဆင်းအနုပညာသတင်း (၈)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးအစီအစဉ်
(ကလေးများအတွက် ပုံပြင်-သတ္တိခဲ ဂျာရစ်)
၁၁း၂၀ အာဆီယံအစီအစဉ်
နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅ ဇာတ်လမ်းပမာနားဆင်စရာ
ယောကျ်ားဗျ ယောကျ်ား
တေးပဒေသာ
၁၂း၀၀ စံတော်ချိန်
ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့် (၆၇)
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ
(တောတောင်ဖွဲ့ သီချင်းကဗျာများ)
၁၂း၃၀ ဟန်မျိုးစုံညီတေးကိုသီ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ်
(ဒသမတန်း-သမိုင်း)
တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ လေလှိုင်းကြားကပွဲတင်သံ
၁၇း၁၅ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ခေတ်မရွေးသောတေးများ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၄၅ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀ နိုင်ငံတကာသတင်း
နိုင်ငံရေးဦးတည်ချက်
၁၉း၁၀ တေးပဒေသာ
၁၉း၁၅ ရေဒီယိုအတိတ်တေးအရိပ်
၁၉း၃၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ
ကြပ်ထုပ်အကြောင်းသိကောင်းစရာ
တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ သံစဉ်တေးသွားမေတ္တာစကား
စီးပွားရေးဦးတည်ချက်
၂၀း၃၀ သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၂၀း၄၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁း၀၀ Radio Internet (26)
၂၁း၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

ကွင်းဆင်းစစ်ဆေး

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီးအတွင်း ဆားရောင်းချသောဈေးဆိုင်များ၌ အိုင်အိုဒင်းပါဝင်မှုရှိမရှိကို စက်တင်ဘာ ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်တင်တင်ကြည်နှင့် မြို့နယ်ကျန်းမာရေးဌာန ဝန်ထမ်းများ စုပေါင်းပြီး ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အလှူငွေလှူဒါန်း

ရန်ကုန်မြို့နေ ပါမောက္ခဒေါက်တာ ဦးသက်ထားဝေနှင့် မိသားစုက ဇနီး ဒေါ်ဝင်းဝင်းကြည်၊ သမီး မခင်ခင်အေးတို့အားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ် အောဘယ်လ်(ငြိမ်း)လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုအား ယင်းဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းရှေ့) (သတင်းစဉ်)

ခြင်ဆေးခွေနှင့်ပတ်သက်သည့် သတိပေးချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှနည်းလမ်းမျိုးစုံဖြင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများနှင့် ထုတ်လုပ်ထားသည့် ကျင်းထုံခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိပါသည်။ ၎င်းခြင်ဆေးခွေများအား ပြည်သူများသုံးစွဲခြင်းမပြုကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နေ့စဉ်ထုတ်သတင်းစာများတွင် အသိပေးထုတ်ပြန် ကြေညာထားပြီးဖြစ်ပါသည်။

ထုတ်ပြန်

ဓာတ်ခွဲခန်းတွင် စစ်ဆေးတွေ့ရှိချက်အရ ပြည်ပမှတင်သွင်းသော ကျင်းထုံခြင်ဆေးခွေတွင် မြန်မာနိုင်ငံ၌ တရားဝင်မှတ်ပုံတင် တင်ပြထားခြင်းမရှိသော Meperfluthrin အမျိုးအစား ဓာတုပစ္စည်းများပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ပါဝင်မှုပမာဏမှာလည်း ကျင်းထုံအပြာရောင်ဘူးတွင် ၀ ဒသမ ၀၆၄၁ ရာခိုင်နှုန်း၊ အနီရောင်ဘူးတွင် ၀ ဒသမ ၁၁၅၉ ရာခိုင်နှုန်း၊ အစိမ်းရောင်ဘူးတွင် ၀ ဒသမ ၁၁၂၉ ရာခိုင်နှုန်းပါဝင်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်ထားသော အများဆုံးပါဝင်ရမည့်ပမာဏ ၀ ဒသမ ၀၄ ရာခိုင်နှုန်းထက် ပိုမိုပါဝင်နေသဖြင့် သုံးစွဲသူများ၏ ကျန်းမာရေးကို များစွာထိခိုက်စေပါသည်။

ထပ်မံသတိပေး

တရားမဝင်တင်သွင်းလာသော အခြားခြင်ဆေးခွေများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေးဌာနခွဲ ပိုးသတ်ဆေးဓာတ်ခွဲခန်းတွင် စစ်ဆေးလျက်ရှိပါသည်။ ခြင်ဆေးခွေတင်သွင်း ရောင်းချသူများအနေဖြင့် တင်သွင်းလာသော ခြင်ဆေးခွေတွင် အဆိပ်ရှိပစ္စည်းပါဝင်မှု စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်းကို သီးနှံကာကွယ်ရေးဌာနခွဲသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ပြည်ပမှတင်သွင်းလာသော ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ယင်းကျင်းထုံခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့် တင်သွင်း၊ ရောင်းချ၊ ဖြန့်ဖြူးမှုများကို တွေ့ရှိပါက သိမ်းဆည်းနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသတိပေး ကြေညာအပ်ပါသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း၊ တံတားလုပ်ငန်းများအတွက် ကတ္တရာ (၈၀/၁၀၀) အမျိုးအစား မက်ထရစ်တန် ၁၀၅၉၆ ဝယ်ယူရန် ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုပွဲအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်သည် စက်တင်ဘာ ၁၅ရက် ည ၇နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း၊ တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ (၈၀/၁၀၀) အမျိုးအစားမက်ထရစ်တန် ၁၀၅၉၆ ဝယ်ယူရန် ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ စာချုပ်ချုပ်ဆိုပွဲအခမ်းအနားသို့ ရှေ့နေချုပ် ဦးအေးမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် Swiss Singapore Overseas Enterprises Pte.,Ltd. နှင့် Sunday Sun Pte., Ltd. တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ Swiss Singapore Overseas Enterprises Pte.,Ltd. မှ Cheif Representative Mr.P D က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း လမ်း၊ တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ (၈၀/၁၀၀) အမျိုးအစား မက်ထရစ်တန် ၁၀၅၉၆ အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် Swiss Singapore Overseas Enterprises Pte., Ltd. မှ Cheif Representative Mr.P D က လည်းကောင်း၊ Sunday Sun Pte.,Ltd. မှ ဒါရိုက်တာ ဦးအောင်မျိုးအေးကလည်းကောင်း ဝယ်ယူရေးဆိုင်ရာ စာချုပ်များတွင် နှစ်ဦးနှစ်ဖက် လက်မှတ်များ အသီးသီးရေးထိုးခဲ့ကြပြီး **(အပေါ်ပုံ)** စာချုပ်များကို အပြန်အလှန် လဲလှယ်ခဲ့ကြသည်။ ယခုချုပ်ဆိုသည့် စာချုပ်များမှာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း လမ်း၊ တံတားလုပ်ငန်းများအတွက် လိုအပ်သောကတ္တရာ(၈၀/၁၀၀)အမျိုးအစား မက်ထရစ် တန် ၁၀၅၉၆ အား Swiss Singapore Overseas Enterprises Pte., Ltd. ထံမှ မက်ထရစ်တန် ၈၀၉၆ ကိုလည်းကောင်း၊ Sunday Sun Pte., Ltd. ထံမှ မက်ထရစ်တန် ၂၅၀၀ ကိုလည်းကောင်း ဝယ်ယူရန် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး ကုန်သွယ်လုပ်ငန်းရှင်များ အပြန်အလှန်ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် အိန္ဒိယနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ ဦးဆောင်ကာ အိန္ဒိယအရှေ့မြောက်ဒေသ ပြည်နယ်များမှ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့တို့ပူးပေါင်း၍ "Strengthening Border Trade between North East India and Myanmar; The Way Forward" ဆွေးနွေးပွဲကို စက်တင်ဘာ ၁၅ရက် ညနေ ၃နာရီတွင် မန္တလေးမြို့ Sedona Hotel ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်း၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် အဖွဲ့ဝင်များ၊ မြန်မာကုန်သည်လုပ်ငန်းရှင်များ၊ အိန္ဒိယသမ္မတနိုင်ငံ ပါလီမန်အမတ် Mr. Mani Shanker Aiyar နှင့် မီဇိုရမ်ပြည်နယ် ဂုဏ်ထူးဆောင် ကုန်သွယ်ရေး ဝန်ကြီး Mr. Lalrinllana Sailo တို့ ဦးဆောင်သော အိန္ဒိယကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးအောင်ထွန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပါလီမန်အမတ် Mr. Mani Shanker Aiyar နှင့် မီဇိုရမ်ပြည်နယ် ဂုဏ်ထူးဆောင် ကုန်သွယ်ရေးဝန်ကြီး Mr. Lalrinllana Sailo၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr. VS Seshadri နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်တို့က အခမ်းအနားကို ဆီမီးထွန်းညှိဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်း**(အပေါ်ပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၊ အိန္ဒိယ သမ္မတနိုင်ငံပါလီမန်အမတ်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အိန္ဒိယအရှေ့မြောက်ဒေသ ကုန်သည်အသင်းဥက္ကဋ္ဌ Mr. M.K Saharia တို့က အမှာစကား ပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်က The Brief on Myanmar-India Border Trade စာတမ်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော မြန်မာ့ပို့ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အပြန်အလှန်ဆွေးနွေး

ဆက်လက်၍ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နှစ်ဖက်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကုန်သွယ်လုပ်ငန်းရှင်များသည် ရင်းနှီးချစ်ကြည်စွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

SANYO Solar မကွေးမြို့၌ မိတ်ဆက်ရှင်းလင်းပြသ

နေပြည်တော် စက်တင်ဘာ ၁၆

OK Myanmar Co., Ltd. က ဖြန့်ဖြူးလျက်ရှိသည့် SANYO Solar အရည်အသွေးအာမခံချက်နှင့် သုံးစွဲသည့် အခြေအနေများကို ကုမ္ပဏီတာဝန်ရှိသူများက မကွေးမြို့ကုန်သည်ကြီးများအသင်း ကုန်စည်ဒိုင်၌ စက်တင်ဘာ ၁၀ရက်က ရှင်းလင်းပြသခဲ့သည်။

အဆိုပါ ရှင်းလင်းပြသသည့် အခမ်းအနားတွင် OK Myanmar Co., Ltd. ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်က အနာဂတ်ကာလတွင် Solar စွမ်းအင်ကို မလွဲမသွေ သုံးစွဲလာမည့်အခြေအနေများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် Solar စွမ်းအင်သုံးစွဲမှု အခြေအနေများနှင့် ရေရှည်တွင် Solar စွမ်းအင်က မီးစက်၊ အင်ဂျင်စက်များ သုံးစွဲခြင်းထက် ကုန်ကျစရိတ်သိသိသာသာ လျှော့နည်းသက်သာမှု အခြေအနေများ၊ စိုက်ပျိုးရေးနှင့် ရေရရှိရေး လုပ်ငန်းများတွင် Solar စွမ်းအင်ကို ဘက်ထရီ၊ အင်ဗာတာပစ္စည်းများ သုံးစွဲရန်မလိုဘဲ တိုက်ရိုက်သုံးစွဲနိုင်သဖြင့် ရေရှည်သုံးစွဲနိုင်သည့်အပြင် ကုန်ကျစရိတ် လျှော့နည်းသည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ကုမ္ပဏီအင်ဂျင်နီယာ ဦးကျော်သက်မောင်က SANYO Solar Panel ပြားများ တည်ဆောက်ထားပုံ၊ အရည်အသွေးနှင့်အာမခံချက် ခိုင်ခိုင်မာမာ ပေးထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။

OK Myanmar Co.,Ltd. က ဖြန့်ဖြူးသည့် SANYO Solar ပြားများကို ဂျပန်နိုင်ငံမှ တိုက်ရိုက်ထုတ်လုပ်ပြီး အနှစ်၂၀အာမခံကို SANYO Electronic Corporation ကတာဝန်ယူ အာမခံပေးသည်။ Solar Panel များ၏ အရည်အသွေးကို သတ်မှတ်ရာတွင် နေရောင်ခြည်မှ လျှပ်စစ်စွမ်းအင်သို့ ပြောင်းလဲနိုင်သည့် ရာနှုန်းဖြင့် တိုင်းတာသတ်မှတ်ရာ လက်ရှိ ထုတ်လုပ်နေသည့် Solar အမျိုးအစားများထဲတွင် SANYO Solar သည် လျှပ်စစ်ဓာတ်အား ထုတ်ပေးနိုင်သည့် ရာနှုန်းအမြင့်ဆုံးအဖြစ် သတ်မှတ်ထားသည်။ SANYO Solar ပြားများသည် Watt အရွယ်အစားကြီးမားပြီး လျှပ်စစ်ဓာတ်အား ထုတ်ပေးနိုင်မှု ကောင်းမွန်သဖြင့် အိမ်သုံးအပြင် မီးစက်၊ အင်ဂျင်စက်များ အသုံးပြုရသည့် စီးပွားရေးလုပ်ငန်းများ၌သုံးစွဲရန် အထူးသင့်လျော်သည်။ Solar တပ်ဆင်သုံးစွဲလိုသူများအား ကုမ္ပဏီအင်ဂျင်နီယာများက အခမဲ့တွက်ချက်ပေးခြင်း၊ အခမဲ့တပ်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သိရှိရသည်။

ဆက်သွယ်စုံစမ်းနိုင်

OK Myanmar Co.,Ltd. အနေဖြင့် SANYO Solar စွမ်းအင်ကို တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေးအတွက် ကုမ္ပဏီ၏ နယ်လှည့်အရောင်း ကိုယ်စားလှယ်များအား မြို့နယ်များတွင် ခန့်အပ်တာဝန်ပေးရန် စီစဉ်လျက်ရှိရာ စိတ်ပါဝင်စားသူများအနေဖြင့် ကုမ္ပဏီတည်ရှိရာ အမှတ်(၉-ဂျီ) (MGW Tower) ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၅၆၅၀၁၊ ၀၆၃၉၂၉၈၆၊ ၃၉၂၉၈၇ နှင့် ၃၇၇၆၂၇တို့သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

အမေရိကန်တို့ တိုက်ခိုက်မှု ပါကစ္စတန်အရပ်သားများ သေဆုံးခဲ့ရ

အစ္စလမ္မာဘတ်   စက်တင်ဘာ   ၁၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လူမျိုးစုဒေသ၌ စက်တင်ဘာ ၁၅ရက် နံနက်စောစောပိုင်းက အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်မှ ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အရပ်သား ငါးဦးသေဆုံးကြောင်း ပါကစ္စတန် လုံခြုံရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

သေဆုံး

အမေရိကန်တို့လေကြောင်းမှ တိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေမှာ ထပ်မံမြင့်တက်လာဖွယ်ရှိသည်ဟု ပက်ရှ်ဝါမြို့ရှိ လုံခြုံရေးအာဏာပိုင်အဖွဲ့နှင့် ပြည်နယ်ထောက်လှမ်းရေးရုံးအဖွဲ့က သတင်းထုတ်ပြန်သည်။ ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ဒေသရှိ လူမျိုးစုများနေထိုင်ရာ မီရန်ရှားမြို့ကို အဓိကပစ်မှတ်ထားကာ အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့အရပ်သားများစွာ သေဆုံးခဲ့ရသည်ဟု အဆိုပါသတင်း၌ဖော်ပြသည်။

(အပေါ်ပုံ) (အင်တာနက်)

သမ္မတနှစ်ဦး ဒေသတွင်းလုံခြုံရေးကိစ္စဆွေးနွေး

အစ္စလမ္မာဘတ်   စက်တင်ဘာ   ၁၆

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် နှစ်နိုင်ငံကိစ္စများဆွေးနွေးရန် ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိလာကြောင်း သံတမန်သတင်းရပ်ကွက်က စက်တင်ဘာ ၁၆ရက်တွင် ပြောကြားသည်။

ဆွေးနွေးမည်

အစ္စလမ္မာဘတ်သို့ နှစ်ရက်ကြာ လာရောက်လည်ပတ်စဉ် ပါကစ္စတန်ခေါင်းဆောင်များနှင့် အာဖဂန်နစ္စတန်သမ္မတကာဇိုင်းတို့ ငြိမ်းချမ်းရေးအစီအစဉ်ကို ဆွေးနွေးလျက်ရှိကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူဘာဆစ်က ပြောကြားလိုက်သည်။

ပြောကြား

ဒေသတွင်းနှင့် နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တိုက်ခိုက်ရေးသမားများ၏ ထောက်လှမ်းရေးသတင်းအချက်အလက်များ ပိုမိုပေးပို့သွားမည်ဖြစ်ကြောင်း ပါကစ္စတန်သမ္မတ ဇာဒါရီက အာဖဂန်သမ္မတကာဇိုင်းနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်တွင် ရထားတိုက်မှုဖြစ်ပွား

အစ္စလမ္မာဘတ်   စက်တင်ဘာ   ၁၆

ပါကစ္စတန်အရှေ့ပိုင်း ပူဂျာပ်ပြည်နယ် မူတန်မြို့တွင် စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းက ရထားတိုက်မှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး ကလေးငယ်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်မီဒီယာဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါဖြစ်ပွားမှုမှာ တောင်ပိုင်း ပူဂျာပ်ပြည်နယ်မှ ခုတ်မောင်းလာသော ရထားသည် လမ်းမတစ်ခုကို ဖြတ်ကျော်လာစဉ် သုံးဘီးယာဉ်နှင့် တိုက်မိခြင်းဖြစ်ပြီး ၄င်းသုံးဘီးယာဉ်ပေါ်တွင် လိုက်ပါလာသော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးလေးဦးမှာ ယင်းနေရာ၌ပင် သေဆုံးခဲ့ပြီး ကလေးငယ်နှစ်ဦးမှာ ရထားအောက်သို့ရောက်ရှိသွားပြီး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ဩစတြေးလျ မာရသွန်အပြေးသမား မြောက်ဝင်ရိုးစွန်းမှ တောင်ဝင်ရိုးစွန်းသို့ ပြေးမည်

ဆစ်ဒနီ   စက်တင်ဘာ   ၁၆

ဩစတြေးလျနိုင်ငံတွင် အမြန်ဆုံး စံချိန်တင် ပြေးနိုင်ခဲ့သည့် မာရသွန်အပြေးသမားတစ်ဦးသည် မြောက်ဝင်ရိုးစွန်းမှ တောင်ဝင်ရိုးစွန်း သို့ပြေးရန် ဩစတြေးလျနိုင်ငံအလယ်ပိုင်းရှိ ကြီးမားသော သဲကန္တာရကြီး တစ်ခုအတွင်း စက်တင်ဘာ ၁၄ရက်က ပြင်ဆင်လေ့ကျင့်လျက်ရှိကြောင်း ဩစတြေးလျ မီဒီယာများက ဖော်ပြသည်။

ဖြတ်သန်းပြေးမည်

အဆိုပါ မာရသွန်အပြေးသမား၏အမည်မှာ ပတ်ဖားမားဖြစ်သည်။ ၄င်းပြေးမည့် ခရီးမိုင်မှာ ၁၃၀၀၀ (ကီလိုမီတာ ၂၁၀၀၀)မိုင် ရှိသည်။ မာရသွန်အပြေးသမားသည် လာမည့်နှစ် မတ်လတွင် မြောက်ဝင်ရိုးစွန်းမှ စတင်ပြေးမည်ဖြစ်ကြောင်း၊ အမေရိကရှိ နိုင်ငံပေါင်း ၁၄နိုင်ငံသို့ ဖြတ်သန်းပြေးမည်ဖြစ်ကြောင်း သိရသည်။

*အသက် ၄၈နှစ်အရွယ်ရှိ ပတ်ဖားမားသည် **(အောက်ပုံ)** မြောက်ဝင်ရိုးစွန်း တွန်ဒရာရေခဲပြင်မှ စတင်ပြေးမည်ဖြစ်ကြောင်း၊ ၄င်းအနေဖြင့် တစ်ရက်လျှင် အနည်းဆုံး ကီလိုမီတာ ၈၀ ပြေးမည်ဖြစ်ကြောင်း၊ ခရီးစဉ်အတွင်း ကနေဒါ၊ အမေရိကန်၊ မက္ကဆီကိုနှင့် တောင်အမေရိကနိုင်ငံ ၁၀နိုင်ငံကို ဖြတ်ကျော်ပြေးမည်ဖြစ်ကြောင်း၊ အာဂျင်တီးနားရှိ တောင်ဝင်ရိုးစွန်းတွင် ခရီးစဉ်ပြီးဆုံးလိမ့်မည်ဖြစ်ကြောင်း၊ ခရီးစဉ်ကြာချိန် ၁၁လ ခန့်မှန်းထားကြောင်း အဆိုပါ မီဒီယာက ပြောကြားသည်။*

(အင်တာနက်)

ဂျာမနီတွင် ကုန်တင်ကားနှင့် ကျောင်းကားတိုက် ကျောင်းသား ကျောင်းသူ ၁၇ဦး ဒဏ်ရာရ

ဘာလင်   စက်တင်ဘာ   ၁၆

ဂျာမနီနိုင်ငံ ဘာလင်မြို့ ဒတ်ဆန်ပြည်နယ်တွင် စက်တင်ဘာ ၁၅ရက်က ကုန်တင်ကားတစ်စီးနှင့် ကျောင်းကားတစ်စီး တိုက်မိခဲ့ရာ ကျောင်းသား ကျောင်းသူ ၁၇ဦးဒဏ်ရာရရှိခဲ့ပြီး ယာဉ်မှာပျက်စီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဖြစ်ပွားမှုမှာ အဝေးပြေးလမ်းမကြီးပေါ်တွင် နံနက်၇နာရီ မိနစ် ၃၀က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူငယ် ၁၃ဦးမှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး လေးဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

၄င်းဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ ကျောင်းကားမောင်းသူမှာ လမ်းမကြီးပေါ်တွင် ကုန်တင်ကားမောင်းလာသည်ကို မမြင်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ **(အပေါ်ပုံ)** **အမ်အင်န်အေ၊ဆင်ဟွာ**

တူရကီ၌ လမ်းဘေးဗုံး ပေါက်ကွဲ ၁၀ဦးသေဆုံး လေးဦးဒဏ်ရာရ

အင်န်ကာရာ   စက်တင်ဘာ   ၁၆

တူရကီနိုင်ငံ အရှေ့တောင်ပိုင်း၌ စက်တင်ဘာ ၁၆ရက်က မီနီဘတ်စ်ကားတစ်စီး ဖြတ်သန်းမောင်းနှင်သွားစဉ် လမ်းဘေးဗုံး ပေါက်ကွဲသဖြင့် လူ ၁၀ဦး သေဆုံးသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ဖြစ်ပွား

အဆိုပါ လမ်းဘေးဗုံးခွဲ တိုက်ခိုက်မှုသည် ဟက်ကာရီပြည်နယ် ဂျီစီတီကျေးရွာအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းဒေသသည် ကာဒ်သူပုန်အဖွဲ့၏ ပြောက်ကျားတိုက်ခိုက်နေသော ဒေသလည်း ဖြစ်သည်။

ယင်းတိုက်ခိုက်မှုကြောင့် ကလေးတစ်ဦးအပါအဝင် အခြားလေးဦးလည်း ထိခိုက်ဒဏ်ရာ ရခဲ့ကြောင်း၊ တူရကီတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာဒေသတွင် တိုက်ခိုက်ရေးသမားများအား လိုက်လံရှာဖွေနေကြောင်း တူရကီတာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ဂျီးရီးယား၌ ကျေးရွာ ၂၃ရွာ ရေနစ်မြုပ် အနည်းဆုံး ၄၈ ဦးသေဆုံး၊ အချို့ပျောက်ဆုံးနေ

ဆိုကိုတို(နိုင်ဂျီးရီးယား)   စက်တင်ဘာ   ၁၆

နိုင်ဂျီးရီးယားနိုင်ငံ ဆိုကိုတိုပြည်နယ်မြောက်ပိုင်း၌ ကျေးရွာ၂၃ ရွာ ရေကြီးနစ်မြုပ်ခဲ့၍ အနည်းဆုံး ၄၈ဦး သေဆုံးပြီး ၃၅၀၀၀ကျော် ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း စက်တင်ဘာ ၁၆ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ရေနစ်မြုပ်

အဆိုပါ ကျေးရွာ ၂၃ ရွာအနက် ၁၅ ရွာမှာ လုံးဝရေအောက်နစ်မြုပ်ခဲ့ပြီး ထောင်ပေါင်းများစွာသော နေအိမ်များနှင့် လယ်ယာမြေများလည်း ရေနစ်မြုပ်သွားခဲ့ကြောင်း ပြည်နယ်ဥက္ကဋ္ဌ ဗူဘိုင်ရယာရီက သတင်းထောက်များအား ပြောကြားခဲ့သည်။

ရေကြီးမှုဖြစ်ပွားခဲ့သဖြင့် အချို့သောဒေသခံပြည်သူများမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ သေဆုံးသူများတွင် အမျိုးသမီးများနှင့် ကလေးများ ပို၍များပြားကြောင်း ၄င်းက ထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကားလ်ဟာရီကိန်းမုန်တိုင်း မက္ကဆီကိုပင်လယ်ကွေ့သို့ ဦးတည်တိုက်ခတ်

မက္ကဆီကိုစီးတီး   စက်တင်ဘာ   ၁၆

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဖြစ်ပေါ်လျက်ရှိသော ဟာရီကိန်းမုန်တိုင်းကားလ်သည် စက်တင်ဘာ ၁၆ရက်က မက္ကဆီကိုနိုင်ငံ ယူကာတန်ကျွန်းဆွယ်သို့ ဝင်ရောက်ခဲ့ပြီး မိုးများသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း အမေရိကန်ဟာရီကိန်းဌာနက စက်တင်ဘာ ၁၆ရက်တွင် ကြေညာသည်။ အဆိုပါ မုန်တိုင်းသည် စက်တင်ဘာ ၁၆ရက်က မက္ကဆီကိုနိုင်ငံ ကမ်ပါချီဒေသမှ အနောက်တောင်ဘက် မိုင် ၅၀အကွာ၌ ရှိနေပြီး တစ်နာရီမိုင် ၄၀နှုန်းဖြင့် မက္ကဆီကို ပင်လယ်ကွေ့ဆီသို့ ဦးတည်တိုက်ခတ်နေကြောင်း၊ ၄င်းမုန်တိုင်းသည် ပင်လယ်ကွေ့အတွင်းရှိ ရေနံတူးစင်များကို ခြိမ်းခြောက်လျက်ရှိကြောင်း အမေရိကန် ဟာရီကိန်းဌာနက ကြေညာသည်။ **(အင်တာနက်)**

တရုတ်ဆေးရုံသင်္ဘော အေဒင်ပင်လယ်ကွေ့သို့ ရောက်ရှိ ကင်ညာနှင့် တန်ဇန်းနီးယားနိုင်ငံများသို့ ဆက်လက်ထွက်ခွာမည်

ပေကျင်း စက်တင်ဘာ ၁၆

တရုတ်ရေတပ်ဆေးရုံသင်္ဘော ပိစ်အတ်ခ်သည် တရုတ်သင်္ဘောသားများအား ဆေးအထောက်အပံ့ပေးရန် စက်တင်ဘာ ၁၅ရက်က အေဒင်ပင်လယ်ကွေ့အတွင်းသို့ ရောက်ရှိခဲ့ကြောင်း တရုတ်ရေတပ်မှ တာဝန်ရှိသူများက ပြောကြားသည်။



အဆိုပါ တရုတ်ရေတပ်ဆေးရုံသင်္ဘောသည် ဩဂုတ် ၃၁ရက်က တရုတ်နိုင်ငံအရှေ့ပိုင်း ကျိကျန်းပြည်နယ်မှ စတင်ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။ ၄င်းသင်္ဘောသည် ရေမိုင်ခရီး ၅၃၀၀ သွားရောက်ခဲ့ပြီးနောက် အေဒင်ပင်လယ်ကွေ့သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၄င်းဆေးရုံသင်္ဘောသည် ယင်းမှတစ်ဆင့် ကင်ညာ၊ တန်ဇန်းနီးယား၊ ဆေရှဲလ်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများသို့ ဆက်လက်သွားရောက်မည် ဖြစ်ပြီး ဒေသခံပြည်သူများအား ဆေးကုသမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း တရုတ်ရေတပ်က ပြောကြားသည်။

တန်ချိန် ၁၀၀၀၀ ရှိသည့် ပိစ်အတ်ခ်သည် ကမ္ဘာတွင် ပထမဆုံး ဆေးရုံသင်္ဘောဖြစ်သည်။ ၄င်းသင်္ဘောနှင့်အတူ သင်္ဘောသားများ၊ အရာရှိများနှင့် ဆေးဝန်ထမ်းများ စုစုပေါင်း ၄၂၈ဦး လိုက်ပါလာခဲ့သည်ဟု သိရသည်။ **(ဝဲပုံ)** **အမ်အင်န်အေ၊ဆင်ဟွာ**

အစ္စရေး-ပါလက်စတိုင်းအရေး ထပ်မံဆွေးနွေးခဲ့ကြသော်လည်း....

တိုး - ရေးသားသည်

အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုနှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်တို့သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့်အတူ နှစ်ရက်ကြာ တိုက်ရိုက်ဆွေးနွေးပွဲကို စက်တင်ဘာ ၁၄ရက်က စတင်ကျင်းပခဲ့သည်။

တိုက်ရိုက်ဆွေးနွေး

လ၂၀အတွင်း ပါလက်စတိုင်းနှင့်အစ္စရေးတို့ စက်တင်ဘာ ၂ရက်က အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၌ တိုက်ရိုက်ဆွေးနွေးခဲ့ပြီးနောက် စက်တင်ဘာ ၁၄ရက်က အီဂျစ်နိုင်ငံ ရှမ်အယ်လ်ရှိတ် အပန်းဖြေစခန်း၌လည်းကောင်း၊ စက်တင်ဘာ ၁၅ရက်က အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ရှိ အစ္စရေးဝန်ကြီးချုပ်ရုံး၌လည်းကောင်း တိုက်ရိုက်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့်အတူ စက်တင်ဘာ ၁၅ရက်က ဂျေရုဆလင်၌ မစ္စတာအာဘတ်စ်နှင့် မစ္စတာနေတန်ယာဟုတို့သည် ညစာစားပွဲ အပါအဝင် သုံးနာရီကြာ တိုက်ရိုက်ဆွေးနွေးခဲ့ကြသည်။

ပြီးဆုံး

နှစ်ဖက်အကြား အဓိကပြဿနာများအပေါ် သဘောထားကွဲလွဲလျက်ပင်ရှိနေသေးသည့်အတွက် ဤတစ်ကြိမ် တိုက်ရိုက်ဆွေးနွေးပွဲမှာ များစွာအောင်မြင်မှုမရဘဲ ပြီးဆုံးသွားသည့် လက္ခဏာရှိသည်။

အစ္စရေး-ပါလက်စတိုင်း ထပ်မံ တိုက်ရိုက်ဆွေးနွေးပွဲတွင် ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အာဘတ်စ်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့ ဤသို့ လက်ဆွဲနှုတ်ဆက်ခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

အဓိကပြဿနာများတွင် အနောက်ဘက်ကမ်း၌ အစ္စရေးအခြေချနေထိုင်မှုလည်း ပါဝင်သည်။ အစ္စရေးနေအိမ်တည်ဆောက်မှု ၁၀လကြာ ရပ်ဆိုင်းထားမှုမှာ စက်တင်ဘာ ၂၆ ရက်တွင် အချိန်ပြည့်တော့မည်ဖြစ်သည်။

ကြိုတင်သတိပေး

အစ္စရေးတို့အနေဖြင့် ၁၀လကြာ အိမ်ရာတည်ဆောက်မှု ရပ်ဆိုင်းထားခြင်းကို အချိန်တိုးပေးရမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၄ရက်က အီဂျစ်နိုင်ငံ၌ အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်အထူးသံတမန် မစ်ချယ်က ပြောကြားခဲ့သေးသည်။ အစ္စရေး ဝန်ကြီးချုပ်နေတန်ယာဟုက ရက်တိုးမပေးနိုင်ကြောင်း ပြောကြားခဲ့သဖြင့် မစ္စတာမစ်ချယ်က ထိုသို့ သတိပေးခဲ့ခြင်းဖြစ်သည်။ အစ္စရေးအိမ်ရာဆောက်လုပ်မှု ဆက်လုပ်လျှင် ဆွေးနွေးပွဲမှ သပိတ်မှောက်ထွက်ခွာမည်ဟု ပါလက်စတိုင်း စေ့စပ်ရေးသမားများက ကြိုတင်သတိပေးထားသည်။

နေထိုင်

အနောက်ဘက်ကမ်းနှင့် အရှေ့ဂျေရုဆလင်ကို ၁၉၆၇ခုနှစ်တွင် အစ္စရေးတို့ သိမ်းပိုက်ပြီးနောက် စတင်တည်ဆောက်သည့် အစ္စရေးအိမ်ရာများတွင် အစ္စရေးလူမျိုး ၅၀၀၀၀ နီးပါး နေထိုင်လျက်ရှိကြသည်။

အစ္စရေးတို့ အခြေချအိုးအိမ်ထူထောင်မှုသည် နှစ်ဖက်ခေါင်းဆောင်များအတွက် အဓိကသဘောထား ကွဲလွဲမှုတစ်ရပ်ဖြစ်သည်။

ထို့အပြင် အခြားအဓိကကျသော ပြဿနာတစ်ခုမှာ ဂါဇာကမ်းမြောင်ကို ထိန်းချုပ်ထားသည့် ဟားမတ်စ်အုပ်စုကစ၍ တိုက်ရိုက်ဆွေးနွေးပွဲများကို ဆန့်ကျင်နေခြင်းဖြစ်သည်။ ဆွေးနွေးပွဲတက်ရောက်သူမှာ ပါလက်စတိုင်းနယ်မြေ၊ တစ်စိတ်တစ်ပိုင်းကိုသာ ကိုယ်စားပြုသလိုဖြစ်နေခြင်းကလည်း စေ့စပ်ရေးသမားများ ရင်ဆိုင်နေရသည့် အဓိကပြဿနာတစ်ရပ်ဖြစ်သည်။

ထုတ်ဖော်ပြောဆို

ဤတိုက်ရိုက်ဆွေးနွေးပွဲများမှာ ယခင်ကအတိုင်း အလိုလိုရပ်ဆိုင်းသွားလိမ့်မည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲရပ်ဆိုင်းရေး မိမိတို့ကြိုးစားမည် မဟုတ်ကြောင်း ဂါဇာမှ ဟားမတ်စ် ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သူ မာမွတ်ရာဟာက ထုတ်ဖော်ပြောဆိုခဲ့သည်။

တိုက်ရိုက်ဆွေးနွေးပွဲများတွင် နှစ်ဖက်ခေါင်းဆောင်တို့သည် အဓိကပြဿနာများကို မခြွင်းမချန်ဆွေးနွေးခဲ့ကြကြောင်း၊ ဤသည်ပင်လျှင် ငြိမ်းချမ်းရေးရနိုင်သည့် လမ်းစဖြစ်ကြောင်း အမေရိကန် အထူးသံတမန် မစ်ချယ်က ဝေဖန်ပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် အဓိကဆွေးနွေးချက်များကို ခေါင်းဆောင်နှစ်ဦးစလုံးက လျှို့ဝှက်ထားလိုသည်ဟုလည်း ၄င်းကပြောကြားပြီး ဤတိုက်ရိုက်ဆွေးနွေးပွဲအပြီး လာမည့်ရက်များအတွင်း အစ္စရေးနှင့်ပါလက်စတိုင်းစေ့စပ်ရေးအဖွဲ့များက ထပ်မံဆွေးနွေးကြမည်ဖြစ်ကြောင်း ထည့်သွင်းပြောဆိုသည်။

နှစ်ဖက်အကြိတ်အနယ် ဆွေးနွေးခဲ့ကြကြောင်း အစ္စရေးဝန်ကြီးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ မတ်ရီဂက်ကပြောကြားပြီး သမ္မတအာဘတ်စ်၏ ပြောခွင့်ရသူ အဘူရူဒီနာက နှစ်ဖက်ခေါင်းဆောင်တို့သည် အလေးအနက်ဆွေးနွေးခဲ့ကြသော်လည်း အခက်အခဲများ ရှိနေဆဲဖြစ်ကြောင်း ပြောကြားသည်။

ယခုတစ်ကြိမ် ပါလက်စတိုင်း-အစ္စရေးတို့၏ တိုက်ရိုက်ဆွေးနွေးပွဲတွင်လည်း အားရဖွယ်အဖြေမကြားသိရသေးဘဲ အဖြေမည်သို့ရှိမည်ကို ကမ္ဘာ့ပြည်သူများက စိတ်ဝင်စား လျက်ရှိသလို ကမ္ဘာ့မီဒီယာများကလည်း မျက်ခြည်မပြတ် လေ့လာဖော်ပြလျက်ရှိပါကြောင်း။ ။ **(အင်တာနက်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၅ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါ (MITT)သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ရှင်းလင်းတင်ပြချက်များအပေါ် ဗိုလ်ချုပ်တင်ငွေက လိုအပ်သည်များ မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆိပ်ကမ်းတံတားသိုလှောင်ရုံများနှင့် ဆိပ်ကမ်းအဆောက်အအုံများတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဗိုလ်ချုပ်တင်ငွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် ရန်ကုန်လူနေမှုစနစ် ပရိဘောဂပြပွဲ (၂၀၁၀) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရေးဦးစွာ တိုင်းမှူး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ရန်ကုန်လူနေမှုစနစ် ပရိဘောဂပြပွဲ(၂၀၁၀)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်တင်ငွေသည် ရန်ကုန်လူနေမှုစနစ်ပရိဘောဂပြပွဲ (၂၀၁၀) ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါ(MITT) တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဇမိရတနာဈေးအတွင်း ကုန်စုံဆိုင်များတွင် အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးမှုကို စက်တင်ဘာ ၅ရက်က ဈေးတာဝန်ခံ၊ ဈေးမိဈေးဖနှင့် မြို့နယ်ကျန်းမာရေး ဌာနဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

ကော့ကရိတ် စက်တင်ဘာ ၁၆

ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂ရက်က ကျင်းပရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးထွန်းနိုင်ဦး-ဒေါ်လှဲ့လှဲ့မင်းမိသားစုက ငွေကျပ်သိန်း ၄၀တန် မီးစက်တစ်လုံးကိုလည်းကောင်း **(အောက်ပုံ)**၊ ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)မှ မီးစက်ရုံနှင့် အောက်ဆီဂျင်ဆလင်ဒါနှစ်လုံး၊ ကော့ကရိတ်မြို့နေဦးဟန်ကြူး -ဒေါ်ကျင်ဟုန်းမိသားစုက အောက်ဆီဂျင်ဆလင်ဒါတစ်လုံး၊ (ဦးကြိုင်ပို)-ဒေါ်အုန်းမြင့်မိသားစုက အောက်ဆီဂျင်ဆလင်ဒါ တစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြပြီး ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ဝေသုံနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွှန့်ဝေတို့က လက်ခံယူသည်။

ဂုဏ်ပြုလက်မှတ်များပေးအပ်

ထို့နောက် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးက ကျေးဇူးတင်စကားပြောကြားပြီး ခရိုင်ဥက္ကဋ္ဌနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးတို့က ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

အခြေခံပညာမူလတန်းကျောင်းခွဲ ပေါက်ခေါင်းမြို့၌ ဖွင့်

ပေါက်ခေါင်း စက်တင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် စမ်းကလေးကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ရက် နံနက်က ကျင်းပရာ အမှတ်(၁) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညိုအေးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်အေးစောက ပညာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ ကျောင်းဖွင့်ပွဲ အထိမ်းအမှတ်အလံများပေးအပ်ပြီး ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးမျိုးဇော်ငွေက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဆုချီးမြှင့်

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၂၅)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် စက်တင်ဘာ ၁၄ရက်က ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ တတိယတန်းတွင် မြို့နယ်အဆင့် ပထမဆုရရှိသော မမြတ်နိုးဆုခိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်းက ဆုချီးမြှင့်စဉ်။ (ပညာရေး)

စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်ပွဲ
ညောင်တုန်းမြို့နယ်၌ ကျင်းပ

ညောင်တုန်း စက်တင်ဘာ ၁၆

ငါးသယံဇာတတိုးပွားရေး၊ ငါးကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ တောင်သူလယ်သမားများ ဝင်ငွေတိုးစေရေးအတွက် ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ညောင်တုန်းမြို့နယ် တူးချောင်းကျေးရွာအုပ်စု ငှက်ထုံးကျေးရွာ လယ်သမားကြီးဦးမောင်စိုး၏ လယ်မြေ၌ ဩဂုတ် ၃၁ရက်က ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်သောင်း၊ ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ အတွင်းရေးမှူး ဦးကိုကိုမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၂၀ တက်ရောက်ကြပြီး မိုးစပါးစိုက်ခင်းများအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြသည်။ **(အောက်ပုံ)**

ငါးမျိုးများစိုက်ထည့်

၂၀၁၀-၂၀၁၁ခုနှစ်အတွက် ငါးခုံးမကြီး ငါးမျိုးကောင်ရေ ၁၆၀၀၀၀ကျော်ကို မိုးစပါးစိုက်ဧက ၃၂၀ စိုက်ခင်းများအတွင်းသို့ ငါးမျိုးများစိုက်ထည့် ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(၁၂၅)**

ကမ္ဘာ့ရေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနား
တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် စက်တင်ဘာ ၁၁ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ကမ္ဘာ့ရေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီးနောက် **(အပေါ်ပုံ)** တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ရေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများကိုပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ဩဂုတ် ၁ရက်က ကျင်းပသော ကိုယ်ဝန်ဆောင် မိခင်စောင့် ရှောက် ခြင်း လွှမ်းခြုံမှုတိုးမြှင့်ရေး အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ စောကလျာက ဆွေးနွေးပြောကြားစဉ်။ (၁၈၆)

နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား
အလက(၁) မရမ်းကုန်း၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းတွင် စက်တင်ဘာ ၇ရက် နံနက် ၁၀နာရီက နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်ပြပွဲ၊ ဟောပြောပွဲနှင့်ကျပန်းစကားပြောပြိုင်ပွဲအခမ်းအနား ကျင်းပသည်။ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းမြင့်က အမှာစကားပြောကြားပြီး **(အောက်ပုံ)** အလယ်တန်းပြဆရာ ဦးဌေးအောင်က နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဖြစ်ပေါ်လာပုံကို ဟောပြောသည်။ ဆက်လက်၍ ကျောင်းသားကျောင်းသူများ၏ ကျပန်းစကားပြောပြိုင်ပွဲကျင်းပပြီး တက်ရောက်လာကြသူများက နံရံကပ်စာစောင်များကို ဖတ်ရှုလေ့လာကြကြောင်း သိရသည်။ **(ပညာရေး)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၉-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ လွိုင်ကော်ဆရာတော် ဘဒ္ဒန္တဇနိန္ဒ ဟောကြားတော်မူသော တရားတော်
- ၆:၄၀ အံ့ဖွယ်ထူးခြား ကလောမဟာမုနိ ဆုတောင်းပြည့် နီးဘုရား
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၆)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၁၀)
- ၈:၄၀ ကြည်ဖြူ... ညီတူ... ဆုထူးယူ သူရိန်ဝင်း၏ မရှိခဏအလှူ
- ၈:၅၅ Activities in the City (တိုးတိုး: Best Make Up Artist Asia Award)
- ၉:၁၀ ၂၀၁၀နိုင်ငံတကာ ဇီဝမျိုးစုံမျိုးကွဲနှစ် အထိမ်းအမှတ်ဖိတ်ခေါ် သစ်ပင်စိုက်ပွဲ (လှော်ကားဥယျာဉ်)
- ၉:၃၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီနွဲ့နွဲ့စန်း) (အပိုင်း-၄)
- ၉:၅၅ **အသံတိတ်အိပ်မက်ဆိုး** မေသန်းနု၊ ချစ်သုဝေ၊ ဂျင်းနီ [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၀:၃၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀:၄၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၁၁:၁၀ သူတို့ဘဝ သူတို့ဟာသ (ဦးချစ်စရာ)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Baby Little)
- ၁၂:၃၀ ကျန်းမာလှပသွယ်လျဖို့ Smart Girl ကို သွားကြစို့
- ၁၂:၅၀ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ချိုချိုဆိမ့်ဆိမ့် ကိတ်လိပ်ပြုလုပ်နည်း)
- ၁:၀၀ လွိုင်ကော်ဆရာတော် ဘဒ္ဒန္တဇနိန္ဒ ဟောကြားတော်မူသော တရားတော်
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃:၁၀ ရန်ကုန်မြင်ကွင်းကျယ် (CHANGHONG Showroom Opening Ceremony & Annual Dealership)
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၆)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၁၀)
- ၄:၄၀ ကြည်ဖြူ... ညီတူ... ဆုထူးယူ သူရိန်ဝင်း၏ မရှိခဏအလှူ
- ၅:၀၀ ဟိုတယ်လမ်းညွှန် The Strand
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Science For All (ကော်ဖီရဲ့သမိုင်းစဉ်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၆)
- ၇:၁၅ The Champion of Dance
- ၇:၅၀ ရန်ကုန်မြင်ကွင်းကျယ် (CHANGHONG Showroom Opening Ceremony & Annual Dealership)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ဂီတသရုပ်ပြခန်း (Sweety စိတ်ကူးများနဲ့ကျွန်မ)
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၁၀)
- ၁၀:၀၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာဒေါ်သီတာဝင်း၏ မြန်မာပွဲတက်ဝတ်စုံများ)
- ၁၀:၂၅ VJ Choice
- ၁၀:၅၀ မန္တလာမြေမှ Diamond Plaza
- ၁၁:၀၀ Activities in the City (တိုးတိုး: Best Make Up Artist Asia Award)
- ၁၁:၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁:၃၀ သူတို့ပြောတဲ့သူတို့အကြောင်း (အဆိုတော်သရုပ်ဆောင်နီနီဝင်းရွှေနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၁၁:၅၅ ၂၀၁၀နိုင်ငံတကာ ဇီဝမျိုးစုံမျိုးကွဲနှစ်အထိမ်းအမှတ်ဖိတ်ခေါ် သစ်ပင်စိုက်ပွဲ (လှော်ကားဥယျာဉ်)
- ၁၂:၁၅ World of Knowledge (Hipposi Afica's River Beast)
- ၁:၀၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Baby Little)
- ၁:၂၀ ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
- ၁:၃၅ **အသံတိတ်အိပ်မက်ဆိုး**
- ၂:၁၀ အရောက်လာခဲ့မည် ရွှေမြန်မာပြည်
- ၂:၃၅ Shooting Location (မျက်ခြယ်ခြံ)
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ **ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ** ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၄:၀၅ စက္ကူလွင့်လွင့် ပန်းယဉ်ယဉ် အလှဆင်စေချင်
- ၄:၁၅ မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စာပေမြင့်မှ လူမျိုးတင့်မည်

မြန်မာနယူးစ်ဝိခ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၆

ဘားအံ၊ မော်လမြိုင်၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကော့ကရိတ်တွင် လိုင်စင်မဲ့ကားအခွန်ဆောင်ခြင်းကို ရပ်ဆိုင်းမည်၊ စင်ကာပူနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့် (Permanent Residents-PR) လက်မှတ်ကိုင်ဆောင်ထားသူများ နိုင်ငံသားအဖြစ်ပြောင်းလဲခံယူရမည်ဆိုသောကြောင့် စင်ကာပူရောက် မြန်မာနိုင်ငံသားများ အခက်တွေ့၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးလာပြီဆိုရင် လွတ်လွတ်လပ်လပ်သဘောထားကွဲလွဲလို့ရတယ်၊ အားလုံးက ညီညီညွတ်ညွတ်ရှိဖို့ လိုတယ်ဆိုတဲ့ ဒေါ်သန်းသန်းနုနှင့် တွေ့ဆုံခြင်း သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၅)ကို ဖြန့်ချိလိုက်သည်။

နေပြည်တော်တွင်ချပေးခဲ့သော ငွေကျပ်ငါးသိန်းတန် (CDMA 450 MHz) ဖုန်းများသည် မြန်မာနိုင်ငံတစ်ဝန်းလုံး အသုံးပြုနိုင်၊ စင်ကာပူနိုင်ငံ လူဝင်မှုကြီးကြပ်ရေးမှ နိုင်ငံခြားသားများအပေါ် မူဝါဒအသစ်ချမှတ်ကာ ကိုင်တွယ်ဆုံးဖြတ်သွားမည်၊ မြန်မာမိန်းကလေးများနှင့် တက်တူးဖက်ရှင်၊ အာဆီယံ လွတ်လပ်စွာကုန်သွယ်မှုဇရိယာ (AFTA) ကို မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပြင်ဆင်ထားရန်လိုအပ်၊ ဈေးကွက်အတွင်း၌ (FEC) ဈေးနှုန်းများ မယုံနိုင်ဖွယ်ကျဆင်း၊ စစ်တွေ ရေနက်ဆိပ်ကမ်းအပါအဝင် ကုလားတန်မြစ်ချောင်း စီမံကိန်းအတွက် အိန္ဒိယနိုင်ငံမှ တာဝန်ရှိသူများ စစ်တွေမြို့သို့ရောက်ရှိ၊ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံနယ်စပ်ဖြတ်သန်းသူများကို အခွန်ခစတင်ကောက်ယူ၊ ငွေကျပ် ၈၅၀၀၀ အထိ ဈေးကောင်းပေးဝယ်နေသော အင်းစိန်မြို့က ဆံပင်အဝယ်ဒိုင်ဈေးကွက်၊ ပိုးသတ်ဆေးကြွင်းများကြောင့် ခန္ဓာကိုယ်ချို့ယွင်းမှုအဖြစ်များလာ၊ စက်မှုဇုန်ထုတ် စွယ်စုံသုံး မီနီဘတ်စ်ကားများကို ငါးကြိမ်ခွဲစနစ်ဖြင့် ရောင်းချပေးမည်၊ ထမံသီရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ရေး အဆိုပြုချက်တင်သွင်း၊ အီရန်ကိုတိုက်ပါက အစ္စရေးနိုင်ငံသည် ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားမည်ဟု အာမက်ဒီနီဂျက်ကြုံးဝါး၊ ၎င်း၏နျူကလီးယားနယ်မြေအား တိုက်ခိုက်ခဲ့လျှင် အစ္စရေး၏ နျူကလီးယားနယ်မြေကို တိုက်ခိုက်မည်ဟု အီရန်ပြောကြား၊ အစ္စရေးနိုင်ငံမှာ အီရန်တပ်ဖွဲ့တို့၏ ပစ်မှတ်အတွင်း ကျရောက်နေပြီဟုဆို၊ လေယာဉ်တင်သင်္ဘောဖျက်ဒုံးပျံများ တရုတ်နိုင်ငံက ဖြန့်ကြက်ချထားတော့မည် စသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ **(သတင်းစဉ်)**



ကယားပြည်နယ် သစ်ထုတ်လုပ်ရေးလုပ်ငန်းများ

ဝန်ကြီး ဦးသိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် စက်တင်ဘာ ၁၃ရက် မွန်းလွဲပိုင်းက လွိုင်ကော်မြို့ရှိ လွိုင်ကော် သစ်ဆိပ်သို့ရောက်ရှိလာရာ မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးသိန်းထွန်းက ၂၀၁၀-၂၀၁၁ခုနှစ် ကယားပြည်နယ်အတွင်း သစ်ထုတ်မည့် စီမံချက်နှင့် သစ်ထုတ်လမ်းများဖောက်လုပ်ရန် စီမံထားရှိမှု၊ သစ်စက်များသို့ သစ်လုံးအပ်နှံပြီးစီးမှုနှင့် သစ်ဆိပ်သို့ သစ်လုံးများရောက်ရှိနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် သစ်ဆိပ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လွိုင်ကော်မြို့ရှိ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးသို့ရောက်ရှိရာ ကယားပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဒင်က ၂၀၁၀-၂၀၁၁ခုနှစ် သစ်တောဦးစီးဌာန သစ်မာစိုက်ခင်းနှင့် ပုဂ္ဂလိကပိုင် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှု၊ ကျေးလက်အိမ်ရာ သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တွေ့ဆုံ

ယင်းနောက် ဝန်ကြီးသည် ကယားပြည်နယ်အတွင်းရှိ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံပြီး ဌာနရည်မှန်းချက်များ အောင်မြင်အောင်ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်ကော် သစ်ဆိပ်

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် လွိုင်ကော်သစ်ဆိပ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တော)

ရွှေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း မိုးနဲမြို့နယ်၌ ဖွင့်လှစ်

မိုးနဲ စက်တင်ဘာ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းနှင့် မဲရုံမှူးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ရက် နံနက် ၈နာရီက မိုးနဲမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ကျင်းပရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင် ဦးသန်းညွန့်က အမှာစကားပြောကြားသည်။

လက်တွေ့သရုပ်ပြ

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များဖြစ်ကြသည့် မြို့နယ်ဥပဒေအရာရှိ ဦးရန်နိုင်က လွှတ်တော်(၃)ရပ် ဥပဒေ၊ နည်းဥပဒေများ၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညွှန်ကြားချက်များကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမင်းအောင်က မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်လုပ်ငန်း ညွှန်ကြားချက်များကိုလည်းကောင်း ပို့ချခဲ့ပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးစိုင်းကျော်ဝင်းက ရှမ်းတိုင်းရင်းသားဘာသာဖြင့် ပြန်လည်ရှင်းလင်းပြောကြားပြီး မဲရုံတွင် မဲပေးပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြကြသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲဝင် ဦးမောင်ရင်နှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ စုစုပေါင်း ၃၉၂ဦး တက်ရောက်ကြကြောင်း သိရသည်။

(၁၈၉)

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့က ၂၀၁၀ခုနှစ် ဩဂုတ်လအတွင်း ဆိုင်ကယ်ခိုးမှုများ ဖော်ထုတ်ဖမ်းဆီးရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော မြောက်ပိုင်းခရိုင် အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ ဒုတိယရဲအုပ်တင်ဌေးနိုင်နှင့် ရဲတပ်ဖွဲ့ဝင်လေးဦးတို့အား စက်တင်ဘာ ၂ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်ခင်အောင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

ကွင်းဆင်းစစ်ဆေး

စက်တင်ဘာ ၁၀ရက်က ကလောမြို့နယ် အောင်ပန်းမြို့မဈေးရှိ ဈေးဆိုင်များ၌ ရောင်းချသော အိမ်သုံးဆားများတွင် အိုင်အိုဒင်းပါဝင်မှု ရှိမရှိကို စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မင်္ဂလာကန်တော်ကြီး ကန်တူး၊ ကန်ဆယ်နိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၆)အနောက်ရပ်ကွက်ရှိ မင်္ဂလာကန်တော်ကြီး ကန်တူး၊ ကန်ဆယ်လုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၉ရက်က မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အလှူရှင် အမှတ်(၆၂၈) ရွှေပြည်သာလမ်း (၆)အနောက်ရပ်ကွက် သာကေတမြို့နယ်နေ ဦးအောင်အောင်-ဒေါ်စန်းစန်းချို (Lucky Home Computer Training Service Centre)က ငွေကျပ်လေးသိန်းငါးသောင်း တန်ဖိုးရှိ ရှစ်ပေ×လေးပေအရွယ်ရှိ ကန်တော်မင်္ဂလာ ဆိုင်းဘုတ်တစ်ခုနှင့် လေးပေ×သုံးပေအရွယ် ကန်သာယာရေး သတိပေးဆိုင်းဘုတ် သုံးခုတို့၏ စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းရာ အမှုဆောင်နာယက ဦးအောင်ကျော်ညွန့်နှင့် ဘဏ္ဍာရေးမှူး ဦးသက်တင် **(ယာပုံ)**တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

အလားတူ စက်တင်ဘာ ၆ရက်က ယင်းခန်းမ၌ ပုဇွန်တောင်မြို့နယ်နေ ဦးမြတ်ကျော်-ဒေါ်သီတာ မိသားစုက အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ အမှုဆောင်နာယက ဦးအောင်ကျော်ညွန့်၊ အတွင်းရေးမှူး ဦးအောင်အောင်နှင့် ဘဏ္ဍာရေးမှူး ဦးသက်တင်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့သည်။ အလှူငွေများ လှူဒါန်းလိုပါက မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး ဖုန်း-၀၉-၅၁၈၇၀၇၈၊ ၀၉-၅၁၉၅၄၀၇၊ ၇၃၁၀၀၃၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြဝတီ ရုပ်မြင်သံကြား အစီအစဉ်

၁၇-၉-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
ရောဂန္တရ ကင်းဝေးကြပါစေ
၇:၁၅ ၄။ ဓမ္မပူဇာတေး
၇:၂၀ ၅။ မျိုးချစ်တပ်မတော်
၇:၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၈:၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၄၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၀ ၅။ မဟာဂီတချိုကြည်မြ
၅:၀၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၁၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ကိုရီးယားကျားသစ်များ** (အပိုင်း-၂)
၆:၀၀ ၁၁။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ **ရွှာ** ဟာသဇာတ်လမ်းတွဲ **ဆေးခန်းသွားတဲ့ည** တိမ်ညွန့်၊ ကြာညိုသွယ်၊ မိုးအိမ်ဂျယ် (ဒါရိုက်တာ-မိုးဇော်ကို)
၆:၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၅၀)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရှင်သန်နေသောသီချင်းများ
၂၂။ **အလင်းရောင်** (အပိုင်း-၂)
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အပြုံးပန်းလေးရဲ့ဖန်ဆင်းရှင်** (အပိုင်း-၈)
၂၄။ ကျန်းမာခြင်းရဲ့လျှို့ဝှက်ချက်
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ အစီအစဉ်ပြီး၏

အရိုးအဆစ် ကျီးပေါင်းရောဂါ လေ့ကျင့်ကာကွယ်ကုသနည်းများ စာအုပ်ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၁၆

ဒေါက်တာဆရာမြင့်(စကြာမင်း)၏ ၁၂အုပ်မြောက် အရိုးအဆစ် ကျီးပေါင်းရောဂါ လေ့ကျင့်ကာကွယ်ကုသနည်းများ စာအုပ်ကို**(ယာပုံ)** မြင့်မြတ်မြန်မာစာပေမှ ထုတ်ဝေ၍ ရန်အောင်စာပေကဖြန့်ချိသည်။

ထိုစာအုပ်တွင် ကျောရိုးတည်ဆောက်ပုံ၊ လူ့ကျောရိုးနှင့် ခါးဆစ်ရိုးအကြောင်း သိကောင်းစရာ၊ ခါးနာခြင်းနှင့်လည်ပင်းနာခြင်းမဖြစ်စေရန် လိုက်နာကျင့်သုံးနေထိုင်သင့်သည့် မှန်ကန်သည့် ကိုယ်ဟန်အနေအထားများ၊ လေ့ကျင့်ခန်းပြုလုပ်ရာ၌ ကြိုတင်ကာကွယ်သင့်သည့် အချက်များ၊ လည်ပင်း(ကုပ်ဆက်)၊ ပခုံး၊ ကျောကုန်း၊ ကျီးပေါင်းရောဂါနှင့် တောင့်တင်းနာကျင်မှုများကို ပြေပျောက်စေသည့် လေ့ကျင့်ခန်းများ၊ လည်ပင်း(ကုပ်ဆက်)၊ ပခုံးနှင့် ကျောကုန်းအထက်ပိုင်း ကျီးပေါင်းရောဂါနှင့် တောင့်တင်းနာကျင်မှုများကို ပြေပျောက်စေသည့် နှိပ်နယ်နည်းများ၊ လည်ပင်း(ကုပ်ဆက်)နှင့် ဆက်စပ်နေသည့် ကြွက်သားများကို သန်မာအောင်ပြုလုပ်နည်း၊ လည်ပင်း(ကုပ်ဆက်)ရိုး၊ အဆစ်များ၊ အရိုးနုချပ်ပြားဝိုင်းများ၏လုပ်ငန်းများ ယိုယွင်းပျက်စီးရခြင်းအကြောင်း၊ ကုသနည်းများ၊ နာကျင်မှုသက်သာစေရန် ဆေးစားခြင်း၊ အပူပေးသည့်ကုထုံး၊ အလေးဖြင့်ဆွဲထား (Traction)ခြင်း၊ နှိပ်နယ်ခြင်း၊ ဂျပန်ရိုးရာအနှိပ်ပညာ၊ လည်ပင်းကြွက်သားများကို သန်မာအောင်ပြုလုပ်ပေးခြင်း၊ တောင့်တင်းနေသည့်ကြွက်သားများ ပြေလျော့စေသည့် လေ့ကျင့်ခန်းများ၊ ခွဲစိတ်ကုသမှုအကြောင်း တစေ့တစောင်း၊ ခါးဆစ်ကျီးပေါင်းနှင့် ခါးတောင့်တင်းနေခြင်းကို လျော့နည်းစေသည့် လေ့ကျင့်ခန်းများ၊ တင်ပါးအဆစ် ပေါင်ကြွက်သားများ၊ ခြေသလုံးကြွက်သားတင်းမာမှုများကို လျော့နည်းစေသည့် လေ့ကျင့်ခန်းများ၊ ဝမ်းဗိုက်ကြွက်သားကိုသန်မာ၍ ဗိုက်ချပ်စေသည့် လေ့ကျင့်ခန်းများ၊ ခါးကြွက်သားများကို သန်မာစေ၍ ခါးဆစ်ကျီးပေါင်းရောဂါကိုကာကွယ်နိုင်သည့် လေ့ကျင့်ခန်းများ၊ ကျောရိုးပျော့ပျောင်းကျန်းမာစေ၍ အရိုးကျီးပေါင်းရောဂါကို ကာကွယ်ပေးနိုင်သည့် အထွေထွေလေ့ကျင့်ခန်းများ၊ စောင်းနေသည့် အရိုးနုချပ်ပြား(အရွတ်)နှင့် အာရုံကြော ရောင်ရမ်းနာကျင်မှုများကို ကုသနည်း၊အရိုးနုချပ်ပြားဝိုင်း(အရွတ်)နှင့် စောင်းနေသည့် လက္ခဏာများနှင့် ရောဂါ စမ်းသပ်စစ်ဆေးခြင်း၊ စောင်းနေသည့် အရိုးနုချပ်ပြားဝိုင်း(အရွတ်)ကို လေ့ကျင့်ခန်းများဖြင့် ကုသခြင်း၊ လက်တွေ့ကုထုံးများ စသည်ဖြင့် အခန်း(၁၄)ခန်းဖြင့် စီစဉ်ရေးသားထားပြီး ဆေးဝါးမပါ အရိုးဓာတ်ကို ထိန်းသိမ်းစောင့်ရှောက်နည်းများ၊ ပြုမူနေထိုင်ကုသနည်းများ၊ လေ့ကျင့်ခန်းများ၊ နှိပ်နယ်နည်းများဖြင့် အရိုးကျီးပေါင်းရောဂါ၊ အရိုးအဆစ်၊ကြွက်သား၊အရွတ်နှင့် အာရုံကြောဆိုင်ရာရောဂါများကို မဖြစ်သေးလျှင် ကာကွယ်၍ ဖြစ်ခဲ့လျှင်သက်သာပျောက်ကင်းအောင် ဤစာအုပ်ကို ဖတ်ရှုလေ့လာ၍ မိမိကိုယ်တိုင် ကုသနိုင်သည်အထိ သမားတော်တစ်ဦးကဲ့သို့ ပြည့်စုံကောင်းမွန်သော လမ်းညွှန်မှုများ ပေးစွမ်းနိုင်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အရိုးအဆစ်ကျီးပေါင်းရောဂါလေ့ကျင့်ကာကွယ်ကုသနည်းများ စာအုပ်ကို စာမူခွင့်ပြုချက်အမှတ်-၄၀၀၇၈၇၀၇၁၀ ဖြင့် မြင့်မြတ်မြန်မာစာပေမှ စီစဉ်၍ ရန်အောင်စာပေမှ တစ်ပြည်လုံးသို့ ဖြန့်ချိကြောင်း သိရသည်။ **(သတင်းစဉ်)**



ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၀၁/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁၀၁/၂၀၁၀)
၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ရက်
(၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ရက်)

ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း

၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ ၇ရက်နေ့၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကရင်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်မြေများတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၈(စ)အရ ထုတ်ပြန်ကြေညာလိုက်သည်-

အမှတ်စဉ်	မြို့နယ်	ရပ်ကွက်/ ကျေးရွာအုပ်စု
၁။	ဘားအံမြို့နယ်	၁။ကျုံမသွယ်ကျေးရွာအုပ်စု၊ ၂။ ကော်ဟဲကျေးရွာအုပ်စု၊ ၃။ ကျုံထော်ကျေးရွာအုပ်စု၊ ၄။ တကောင်ဘိုးကျေးရွာအုပ်စု၊ ၅။ တံတားဦးကျေးရွာအုပ်စု၊ ၆။ တဂေးလောင်းကျေးရွာအုပ်စု၊ ၇။ ပျဉ်းမပင်ဆိပ်ကျေးရွာအုပ်စု၊ ၈။ မီးဇိုင်းကျေးရွာအုပ်စု၊ ၉။ မဲသနကျေးရွာအုပ်စု၊ ၁၀။ ဟတ္တလိုက်ကျေးရွာအုပ်စု၊ ၁၁။ အီဟယ်ကျေးရွာအုပ်စု။
၂။	လှိုင်းဘွဲမြို့နယ်	၁။ နွဲ့ပညာကျေးရွာအုပ်စု၊ ၂။ မဲလောခီးကျေးရွာအုပ်စု၊ ၃။ စောလောကျေးရွာအုပ်စု၊ ၄။ ရင်းဘိုင်းကျေးရွာအုပ်စု၊ ၅။ ရေတံခွန်ကျေးရွာအုပ်စု၊ ၆။ မဲလရောကျေးရွာအုပ်စု၊ ၇။ ထသိန်ကြိုးဝိုင်းကျေးရွာအုပ်စု၊ ၈။ တာကရားကျေးရွာအုပ်စု၊ ၉။ မဲပရကျေးရွာအုပ်စု၊ ၁၀။ တာလယ်ကျေးရွာအုပ်စု၊ ၁၁။ ဝင်းစောကျေးရွာအုပ်စု၊ ၁၂။ လော်ကော်ကျေးရွာအုပ်စု၊ ၁၃။ မိကျောင်ကျေးရွာအုပ်စု၊ ၁၄။ သမိုကျေးရွာအုပ်စု၊ ၁၅။ ပထလာပကျေးရွာအုပ်စု၊ ၁၆။ ပိုးပလေကျေးရွာအုပ်စု၊ ၁၇။ မဲသမူကျေးရွာအုပ်စု။
၃။	ဖာပွန်မြို့နယ်	၁။မထောကျေးရွာအုပ်စု၊ ၂။ ခေါပုတ်ကျေးရွာအုပ်စု၊ ၃။ ပန်ဟိုက်ကျေးရွာအုပ်စု၊ ၄။ ဘွားဒိုးကျေးရွာအုပ်စု၊ ၅။ ပျဉ်းမကျေးရွာအုပ်စု၊ ၆။ တေမူးဒိုးကျေးရွာအုပ်စု၊ ၇။ ကော့လူဒိုးကျေးရွာအုပ်စု၊ ၈။ဘဲစောလော်ကျေးရွာအုပ်စု၊ ၉။ ထီးဘောခီးကျေးရွာအုပ်စု၊ ၁၀။ မင်းနန်းနွယ်ကျေးရွာအုပ်စု၊ ၁၁။ နန်းခူခီးကျေးရွာအုပ်စု၊ ၁၂။ မဲဝိုင်ကျေးရွာအုပ်စု၊ ၁၃။ကျောက်တောင်ကျေးရွာအုပ်စု၊ ၁၄။ ဆင်စွယ်ကျေးရွာအုပ်စု၊ ၁၅။ ဒေးဝါး(နတ်ကျောက်)ကျေးရွာအုပ်စု၊ ၁၆။ ရွှေဖလားကျကျေးရွာအုပ်စု၊ ၁၇။ မဲပလီကျေးရွာအုပ်စု၊ ၁၈။ ကွင်းဒလ(ရေပူ)ကျေးရွာအုပ်စု၊ ၁၉။ ပုဇွန်မြောင်းကျေးရွာအုပ်စု၊ ၂၀။ ဒေါမွဲကျေးရွာအုပ်စု၊ ၂၁။ မြင်းတပြေးကျေးရွာအုပ်စု၊ ၂၂။ မဲတူခီးကျေးရွာအုပ်စု၊ ၂၃။ လဝွန်းပျိုကျေးရွာအုပ်စု၊ ၂၄။ မလေးကျောက်ကျေးရွာအုပ်စု၊ ၂၅။ ဝင်းမောင်း(သရက်ပင်ဆိပ်)ကျေးရွာအုပ်စု၊ ၂၆။ မဲချုံဝကျေးရွာအုပ်စု၊ ၂၇။ ကွမ်းဖင်ဝကျေးရွာအုပ်စု။
၄။	သံတောင်ကြီးမြို့နယ်	၁။ ဒါဝါလော်ချီကျေးရွာအုပ်စု၊ ၂။ လိပ်ပြာကြီးကျေးရွာအုပ်စု၊ ၃။ လိပ်ပြာကလေးကျေးရွာအုပ်စု၊ ၄။ မောင်နွဲ့ကြီးကျေးရွာအုပ်စု၊ ၅။ ခုံတိုင်ကျေးရွာအုပ်စု၊ ၆။ စီပင်ကလေးကျေးရွာအုပ်စု၊ ၇။ ကျွဲဖြူတောင်ကျေးရွာအုပ်စု၊ ၈။ ရှိုးခိုကျေးရွာအုပ်စု၊ ၉။ လယ်ခိုဒိုးခိုကျေးရွာအုပ်စု၊ ၁၀။ လယ်ခိုဒိုးကားကျေးရွာအုပ်စု၊ ၁၁။ စပါးကျီကျေးရွာအုပ်စု၊ ၁၂။ ပြောင်သိုကျေးရွာအုပ်စု၊ ၁၃။ ကျောက်ပုံကျေးရွာအုပ်စု၊ ၁၄။ ရေသိုးကြီးကျေးရွာအုပ်စု၊ ၁၅။ ဟိုသောပလိုကျေးရွာအုပ်စု၊ ၁၆။ မဲတင်းတိမ်ကျေးရွာအုပ်စု၊ ၁၇။ ရေတံခွန်ကျေးရွာအုပ်စု၊ ၁၈။ ကျောက်ဖျာကျေးရွာအုပ်စု၊ ၁၉။ ချောင်းမငယ်ကျေးရွာအုပ်စု၊ ၂၀။ ဇင်းတိုင်ကြီးကျေးရွာအုပ်စု၊ ၂၁။ မောင်းတိုင်ကြီးကျေးရွာအုပ်စု၊ ၂၂။ စီတဲဒိုးကျေးရွာအုပ်စု၊ ၂၃။ ဟိုးချီးကျေးရွာအုပ်စု၊ ၂၄။ သလိုဘွာကျေးရွာအုပ်စု၊ ၂၅။ ဘိုခါလေးခိုကျေးရွာအုပ်စု၊ ၂၆။ ထီးသာစောကျေးရွာအုပ်စု၊ ၂၇။ ငွေတောင်(အောက်)ကျေးရွာအုပ်စု၊ ၂၈။ ရှမ်းလယ်ပြင်ကြီးကျေးရွာအုပ်စု၊ ၂၉။ မင်းလမ်းတောင်ကျေးရွာအုပ်စု၊ ၃၀။ သာမိတိုက်ကျေးရွာအုပ်စု၊ ၃၁။ ကျောက်ကြီးတောင်ကျေးရွာအုပ်စု၊ ၃၂။ ချီးသူစော(အောက်)ကျေးရွာအုပ်စု၊ ၃၃။ တောပုန်းကျေးရွာအုပ်စု၊ ၃၄။ မောင်ကျော်ကျေးရွာအုပ်စု၊ ၃၅။ မောင်ဘလောက်ကျေးရွာအုပ်စု၊ ၃၆။ ခမာဒီဖိုလီကျေးရွာအုပ်စု။

ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၀၂/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁၀၂/၂၀၁၀)
၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ရက်
(၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ရက်)

ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း

၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ ၇ရက်နေ့၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မွန်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်မြေများတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၈(စ)အရ ထုတ်ပြန်ကြေညာလိုက်သည်-

အမှတ်စဉ်	မြို့နယ်	ရပ်ကွက်/ကျေးရွာအုပ်စု
၁။	ဘီးလင်းမြို့နယ်	၁။ ကြိုးဝိုင်းကျေးရွာအုပ်စု၊ ၂။ ဝင်းတာပန်ကျေးရွာအုပ်စု၊ ၃။ တောနောခီးကျေးရွာအုပ်စု၊ ၄။ မဲနသံကျေးရွာအုပ်စု၊ ၅။ ကျခတ်ချောင်းကျေးရွာအုပ်စု၊ ၆။ အစူးချောင်းကျေးရွာအုပ်စု။
၂။	ကျိုက်ထိုမြို့နယ်	၁။ မာလာဖူးကျေးရွာအုပ်စု၊ ၂။ ပီတိကျေးရွာအုပ်စု၊ ၃။ ဝါးဘိုးချောင်းကျေးရွာအုပ်စု။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၅။	မြဝတီမြို့နယ်	၁။ တာအုပ်ကျေးရွာအုပ်စု၊ ၂။ မဲကုလားကျေးရွာအုပ်စု၊ ၃။ တီဘဲလယ်(ကော်ခီး)ကျေးရွာအုပ်စု၊ ၄။မိဖားကျေးရွာအုပ်စု။
၆။	ကော့ကရိတ်မြို့နယ်	၁။ ဟောင်သရောကျေးရွာအုပ်စု၊ ၂။ အံဖကြီးကျေးရွာအုပ်စု၊ ၃။ စက္ကဝတ်ကျေးရွာအုပ်စု၊ ၄။ ဒေါက်ပလန်ကျေးရွာအုပ်စု၊ ၅။ နောင်ကိုင်းကျေးရွာအုပ်စု၊ ၆။ ဝင်းကကျေးရွာအုပ်စု၊ ၇။ ထီဟူးသံကျေးရွာအုပ်စု၊ ၈။ တရိတခေါင်းကျေးရွာအုပ်စု၊ ၉။ သပြု(ကမော့ပိ)ကျေးရွာအုပ်စု၊ ၁၀။ ဖားပုတ်ကျေးရွာအုပ်စု၊ ၁၁။ အီဘိုင်းကျေးရွာအုပ်စု၊ ၁၂။ ခရင်းကျေးရွာအုပ်စု၊ ၁၃။ သမိန်ဒွတ်ကျေးရွာအုပ်စု၊ ၁၄။ အံကောင်ကျေးရွာအုပ်စု။
၇။	ကြာအင်းဆိပ်ကြီးမြို့နယ်	၁။ ကမော့ကျေးရွာအုပ်စု၊ ၂။ အကလောကျေးရွာအုပ်စု၊ ၃။ ဒါလီကျေးရွာအုပ်စု၊ ၄။ နတ်ချောင်းကန်းနားကျေးရွာအုပ်စု၊ ၅။ ခနိုးကျေးရွာအုပ်စု၊ ၆။ ကွမ်ကသောင်ကျေးရွာအုပ်စု၊ ၇။ ဆိပ်ကလေးကျေးရွာအုပ်စု၊ ၈။ ခလယ်စောကျေးရွာအုပ်စု၊ ၉။ ခွေးသိုးဆိပ်ကျေးရွာအုပ်စု၊ ၁၀။ ဝင်းရော်ဆိပ်ကြီးကျေးရွာအုပ်စု၊ ၁၁။ တောင်ဒီးကျေးရွာအုပ်စု၊ ၁၂။ တံခွန်တိုင်ကျေးရွာအုပ်စု၊ ၁၃။ ခလယ်ကျေးရွာအုပ်စု၊ ၁၄။ ထိဆုံကျေးရွာအုပ်စု၊ ၁၅။ ကျွန်းချောင်းကျေးရွာအုပ်စု၊ ၁၆။ လွှတ်ရှမ်းကျေးရွာအုပ်စု၊ ၁၇။ အနန်းကွင်းကျေးရွာအုပ်စု၊ ၁၈။ ကျောက်ဘီလူးကျေးရွာအုပ်စု၊ ၁၉။ ဝင်းခနကျေးရွာအုပ်စု၊ ၂၀။ ဖားပြကျေးရွာအုပ်စု၊ ၂၁။ ကျုံခဝန်ကျေးရွာအုပ်စု၊ ၂၂။ ရွှေတောင်ဘိုကျေးရွာအုပ်စု၊ ၂၃။ နတ်ချောင်းအလယ်ကျေးရွာအုပ်စု၊ ၂၄။ ရသေ့ကျေးရွာအုပ်စု၊ ၂၅။ ကစပ်ကျေးရွာအုပ်စု၊ ၂၆။ ကိုးမားကျေးရွာအုပ်စု၊ ၂၇။ ခုဒုံကျေးရွာအုပ်စု၊ ၂၈။ အစွန်းကျေးရွာအုပ်စု၊ ၂၉။ လန်းဖားကျေးရွာအုပ်စု၊ ၃၀။ ကော့ဆိုင်ကျေးရွာအုပ်စု၊ ၃၁။ သဃ်န်းပင်ဆိပ်ကျေးရွာအုပ်စု၊ ၃၂။ ပိုင်ကလာဒုံကျေးရွာအုပ်စု၊ ၃၃။ ကွင်းကလေးကျေးရွာအုပ်စု၊ ၃၄။ မော်ခဲခီးကျေးရွာအုပ်စု၊ ၃၅။ သာကထကျေးရွာအုပ်စု၊ ၃၆။ ထီဝကလူးကျေးရွာအုပ်စု၊ ၃၇။ မိနအကျေးရွာအုပ်စု၊ ၃၈။ ဖာကွီးကျေးရွာအုပ်စု၊ ၃၉။ အဇင်းကျေးရွာအုပ်စု၊ ၄၀။ ခွိကလုံကျေးရွာအုပ်စု၊ ၄၁။ တောင်ကလေးကျေးရွာအုပ်စု၊ ၄၂။ ခွာဟေးကျေးရွာအုပ်စု၊ ၄၃။ လယ်တောကြီးကျေးရွာအုပ်စု၊ ၄၄။ ကမော့သဲ(ဝင်းလုံ)ကျေးရွာအုပ်စု၊ ၄၅။ တောင်ဝိုင်းကျေးရွာအုပ်စု၊ ၄၆။ နောင်တခိုကျေးရွာအုပ်စု။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရွေးကောက်ပွဲကျင်းပခြင်း

နေပြည်တေ

ပြည်ထောင်စုရွေးကောက်ပွဲကော်မ
ဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။
အဆိုပါ ကြေညာချက်အပြည့်အစုံ

ပြည်ထေ
ပြည်ထောင်

ကြေညာချ
၁၃၇၂ခုနှစ်၊
(၂၀၁၀ပြည့်နှ

ရွေးကောက်ပွဲကျင်းပ

၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ ၇ရက်
ကို ရှမ်းပြည်နယ်အတွင်းရှိ ပူးတွဲပါနယ်
ကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကော
ရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၈(စ

အမှတ်စဉ်	မြို့နယ်	
၁။	ပန်ဆန်းမြို့နယ်	ပန်ဆန်
၂။	နားဖန်းမြို့နယ်	နားဖန်း
၃။	ပန်ဝိုင်မြို့နယ်	ပန်ဝိုင်
၄။	မိုင်းမောမြို့နယ်	မိုင်းမေ
၅။	ဟိုပန်မြို့နယ်	၁။ နမ့်
၆။	မိုင်းခတ်မြို့နယ်	၁။ နမ့် ကျေးရွ
၇။	မိုင်းယန်းမြို့နယ်	၁။ န ၃။ ယန် ကျေးရွ အုပ်စု၊ ရပ်ကွ ၁၁။ ၁၃။ ၁၅။ မို
၈။	မက်မန်းမြို့နယ်	၁။ ပန် ကျေးရွ အုပ်စု၊ ၈။ လုံ လန်ကေ အုပ်စု၊ ၁၅။ ၁၇။ နှ
၉။	မိုင်းလားမြို့နယ်	၁။ အ (မိုင်းလ အုပ်စု၊ ၇။ ထ ကျေးရွ
၁၀။	မိုင်းယောင်းမြို့နယ်	၁။ ဝမ် ကျေးရွ အုပ်စု၊ ၈။ ကျ
၁၁။	မိုင်းတုံမြို့နယ်	၁။ ပန်း
၁၂။	မိုင်းဆတ်မြို့နယ်	၁။ မိုင်

သွေးလွန်တုပ်ကွေးရောဂါကာကွယ်

ရန်ကု

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် တ
ဆောင်ရွက်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတ
အကြိမ် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို ယမ
ထိုသို့ စုပေါင်းဆောင်ရွက်ရာသို့ မြို့နယ်ဥက္က
ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်ကြ
အရန်မီးသတ်တပ်ရင်းမှူး ဦးမြဲအောင်နှင့် တပ်ဖွဲ့

ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၀၃/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁၀၃/၂၀၁၀)
၁၃၇၂ခုနှစ်၊ တော်သလင်းလဆန်း ၈ရက်
(၂၀၁၀ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ရက်)

ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း

၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ ၇ရက်နေ့၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ရှမ်းပြည်နယ်အတွင်းရှိ ပူးတွဲပါနယ်မြေများတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများကျင်းပခြင်း ပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၈(စ)အရ ထုတ်ပြန်ကြေညာလိုက်သည်-

အမှတ်စဉ်	မြို့နယ်	ရပ်ကွက်/ကျေးရွာအုပ်စု
၁။	ပန်ဆန်းမြို့နယ်	ပန်ဆန်းမြို့နယ်တစ်ခုလုံး။
၂။	နားဖန်းမြို့နယ်	နားဖန်းမြို့နယ်တစ်ခုလုံး။
၃။	ပန်ဝိုင်မြို့နယ်	ပန်ဝိုင်မြို့နယ်တစ်ခုလုံး။
၄။	မိုင်းမောမြို့နယ်	မိုင်းမောမြို့နယ် တစ်ခုလုံး။
၅။	ဟိုပန်မြို့နယ်	၁။ နမ့်တစ်မြို့နယ်ခွဲ၊ ၂။ နားဝီး။
၆။	မိုင်းခတ်မြို့နယ်	၁။ နမ့်ဆော်ကျေးရွာအုပ်စု၊ ၂။ ဝမ်နောင်လုံကျေးရွာအုပ်စု၊ ၃။ ပါခါးလုံကျေးရွာအုပ်စု၊ ၄။ နမ့်ယန်းလုံကျေးရွာအုပ်စု။
၇။	မိုင်းယန်းမြို့နယ်	၁။ နမ့်ဆီပန်းကျေးရွာအုပ်စု၊ ၂။ ယန်းကောင်ကျေးရွာအုပ်စု၊ ၃။ ယန်းငင်းကျေးရွာအုပ်စု၊ ၄။ မွတ်ကင်းကျေးရွာအုပ်စု၊ ၅။ အန်းခတ်ကျေးရွာအုပ်စု၊ ၆။ နမ့်မောင်းကျေးရွာအုပ်စု၊ ၇။ ပါဆံကျကျေးရွာအုပ်စု၊ ၈။ အမှတ်(၁) ရပ်ကွက်(မိုင်းပေါက်မြို့)၊ ၉။ အမှတ်(၂) ရပ်ကွက်(မိုင်းပေါက်မြို့)၊ ၁၀။ မိုင်းပေါက်(ကချင်)ကျေးရွာအုပ်စု၊ ၁၁။ ဟိုတောင်းကျေးရွာအုပ်စု၊ ၁၂။ ပေါက်နွေးကျေးရွာအုပ်စု၊ ၁၃။ မွန်ခမ်းဟိန်းကျေးရွာအုပ်စု၊ ၁၄။ မိုင်းဖျန်ကျေးရွာအုပ်စု၊ ၁၅။ မိုင်းတွေးကျေးရွာအုပ်စု၊ ၁၆။ မိုင်းယန်းကျေးရွာအုပ်စု။
၈။	မက်မန်းမြို့နယ်	၁။ ပန်ယန်းကျေးရွာအုပ်စု၊ ၂။ နော့ဝါကျေးရွာအုပ်စု၊ ၃။ ရောင်အန်ကျေးရွာအုပ်စု၊ ၄။ မုတ်ပြင်းကျေးရွာအုပ်စု၊ ၅။ ကွန်ဟောင်းကျေးရွာအုပ်စု၊ ၆။ နော့လကျေးရွာအုပ်စု၊ ၇။ အော်ခေဆိုင်ကျေးရွာအုပ်စု၊ ၈။ လုံနောက်ကျေးရွာအုပ်စု၊ ၉။ ယောင်ပန်ကျေးရွာအုပ်စု၊ ၁၀။ ယောင်လန်ကျေးရွာအုပ်စု၊ ၁၁။ မွတ်ချူးကျေးရွာအုပ်စု၊ ၁၂။ ဝမ်ဖင်းကျေးရွာအုပ်စု၊ ၁၃။ လိုင်လင်းကျေးရွာအုပ်စု၊ ၁၄။ ဝက်ဖကျေးရွာအုပ်စု၊ ၁၅။ မွတ်ဟိုင်းကျေးရွာအုပ်စု၊ ၁၆။ နောင်ပတ်ကျေးရွာအုပ်စု၊ ၁၇။ နားလုံကျေးရွာအုပ်စု။
၉။	မိုင်းလားမြို့နယ်	၁။ အမှတ်(၁)ရပ်ကွက်(မိုင်းလားမြို့)၊ ၂။ အမှတ်(၂)ရပ်ကွက်(မိုင်းလားမြို့)၊ ၃။ ဝမ်ဖာခါးကျေးရွာအုပ်စု၊ ၄။ မိုင်းမကျေးရွာအုပ်စု၊ ၅။ ဝမ်ပုန်းကျေးရွာအုပ်စု၊ ၆။ ဝမ်မိုင်းလုံကျေးရွာအုပ်စု၊ ၇။ ထပန်းလုံကျေးရွာအုပ်စု၊ ၈။ မိုင်းဝကျေးရွာအုပ်စု၊ ၉။ စွပ်ပလေကျေးရွာအုပ်စု။
၁၀။	မိုင်းယောင်းမြို့နယ်	၁။ ဝမ်ဖြတ်ကျေးရွာအုပ်စု၊ ၂။ ကျိုင်းခမ်းကျေးရွာအုပ်စု၊ ၃။ မိုင်းဟဲကျေးရွာအုပ်စု၊ ၄။ မိုင်းဆော်ကျေးရွာအုပ်စု၊ ၅။ မိုင်းနန်းကျေးရွာအုပ်စု၊ ၆။ မိုင်းထန်ကျေးရွာအုပ်စု၊ ၇။ မိုင်းခမ်းကျေးရွာအုပ်စု၊ ၈။ ကျိုင်းကုန်းကျေးရွာအုပ်စု။
၁၁။	မိုင်းတုံမြို့နယ်	၁။ ပန်းကံ့ကော်ကျေးရွာအုပ်စု။
၁၂။	မိုင်းဆတ်မြို့နယ်	၁။ မိုင်းထလန်ကျေးရွာအုပ်စု၊ ၂။ စတုံးကျေးရွာအုပ်စု။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလှုပ်ရှားမှုအဖြစ် အရိုးကုန်းရပ်ကွက်လုံးကျွတ် ဒုတိယအကြိမ် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို ယမန်နေ့နံနက်ပိုင်းက စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်မိမိတင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်ကြည်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်လူမှုရေးအဖွဲ့ဝင်များ၊ ပြည်သူများ၊ မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး ဦးမြဲအောင်နှင့် တပ်ဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်ကြသည်။ (၁၇၁)

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်းခြင်း

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၁၀၄/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁၀၄/၂၀၁၀)
၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်
(၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ ရက်)

နိုင်ငံရေးပါတီတည်ထောင်ခွင့် ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်လိုသော အဖွဲ့အစည်းများအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ပါသည်။

၂။ လူမျိုးပေါင်းစုံ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ(ကယားပြည်နယ်)သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ နှင့် နည်းဥပဒေ ၇ အရ တည်ထောင်ခွင့်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လျှောက်ထားခြင်းမရှိသဖြင့် နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းလိုက်သည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

✻ ကျော်ဖုံးမှ

အမှတ်စဉ်	မြို့နယ်	ရပ်ကွက်/ကျေးရွာအုပ်စု
		၁၁။ ကဒေါ့ဇွမ်ဖော်ကျေးရွာအုပ်စု၊ ၁၂။ အင်ပေါက်ချက်ကျေးရွာအုပ်စု၊ ၁၃။ ကကျီးထူကျေးရွာအုပ်စု၊ ၁၄။ လဇီးဂွမ်ရန်လာကျေးရွာအုပ်စု၊ ၁၅။ လဝါ့ယန်ကျေးရွာအုပ်စု။
၃။	ဆော့လော်မြို့နယ်	၁။ ရှင်ဆွယ်ကျေးရွာအုပ်စု၊ ၂။ လောင်လန်ကျေးရွာအုပ်စု၊ ၃။ ဂေါ့မောကျေးရွာအုပ်စု၊ ၄။ ဇန်ယူကျေးရွာအုပ်စု၊ ၅။ ဝမြစ်ကျေးရွာအုပ်စု။
၄။	ချီဖွေမြို့နယ်	လောင်ဖမ့်ကျေးရွာအုပ်စု။
၅။	တနိုင်းမြို့နယ်	အောင်လွတ်ကျေးရွာအုပ်စု။
၆။	ဆွမ်ပရာဘွမ်မြို့နယ်	၁။ ထိန်နန်ကျေးရွာအုပ်စု၊ ၂။ ကွမ်ဝမ်ကျေးရွာအုပ်စု၊ ၃။ အင်ဒိန်ဒိန်ဆာကျေးရွာအုပ်စု၊ ၄။ ရှကျွမ်ကျေးရွာအုပ်စု၊ ၅။ ဝါ့ဖောင်ကျေးရွာအုပ်စု၊ ၆။ လုံတန်ကျေးရွာအုပ်စု၊ ၇။ နိမ္မာကျေးရွာအုပ်စု၊ ၈။ အင်ဒိန်ကော့နန်ကျေးရွာအုပ်စု၊ ၉။ ဆန်ထူကျေးရွာအုပ်စု၊ ၁၀။ အင်ဂန်အူမားကျေးရွာအုပ်စု၊ ၁၁။ လထွန်ကထောင်ကျေးရွာအုပ်စု၊ ၁၂။ လုံဝမ်ကျေးရွာအုပ်စု၊ ၁၃။ ဂျာထုံအူမားကျေးရွာအုပ်စု၊ ၁၄။ အင်ခိုင်ကျေးရွာအုပ်စု၊ ၁၅။ ခင်ဒေါင်ကျေးရွာအုပ်စု။
၇။	မန်စီမြို့နယ်	၁။ ဂျေစွမ်းကျေးရွာအုပ်စု၊ ၂။ လဂျောင်ကျေးရွာအုပ်စု၊ ၃။ အူရာဘွမ်းကျေးရွာအုပ်စု၊ ၄။ တမော်ကျေးရွာအုပ်စု၊ ၅။ လခွမ်းယာမာကျေးရွာအုပ်စု၊ ၆။ ဇိန်ရောင်ကျေးရွာအုပ်စု၊ ၇။ ဒွမ်ဘွတ်ကျေးရွာအုပ်စု၊ ၈။ အင်ဘာပါကျေးရွာအုပ်စု၊ ၉။ ဝိုင်ဒေါ်မန်ဘန်(မန်ဘန်ဘွမ်း)ကျေးရွာအုပ်စု၊ ၁၀။ ခနားပါကျေးရွာအုပ်စု၊ ၁၁။ ဆဒုံးကျေးရွာအုပ်စု၊ ၁၂။ မိုင်ဘတ်ကျေးရွာအုပ်စု၊ ၁၃။ တုန်ဟုန်းကျေးရွာအုပ်စု၊ ၁၄။ ဒိန်ဆိန်း(ဒိန်ဆိန်းပါ)ကျေးရွာအုပ်စု၊ ၁၅။ ဓောဘုံထိန်နုကျေးရွာအုပ်စု၊ ၁၆။ ဘန်ဝေါ်ထိန်နုကျေးရွာအုပ်စု၊ ၁၇။ အူလန်ပါကျေးရွာအုပ်စု။
၈။	မိုးမောက်မြို့နယ်	၁။ စိန်လုံကဂျီကျေးရွာအုပ်စု၊ ၂။ ကလဲချက်ကျေးရွာအုပ်စု၊ ၃။ မံမော်ကောင်ကျေးရွာအုပ်စု၊ ၄။ ဘလောင်ကောင်ကျေးရွာအုပ်စု၊ ၅။ ဘွမ်ကထောင်ကျေးရွာအုပ်စု၊ ၆။ ကွမ်းရှီး(ပွမ်းရှီ)ကျေးရွာအုပ်စု၊ ၇။ ပရန်ငေါ်ကျေးရွာအုပ်စု၊ ၈။ ဘွမ်တောန်ကျေးရွာအုပ်စု၊ ၉။ လော့ခွမ်ကျေးရွာအုပ်စု။
၉။	ရွှေကူမြို့နယ်	၁။ ပန်ခွန်ယန်ကျေးရွာအုပ်စု၊ ၂။ ခါ့ဖောက်ကျေးရွာအုပ်စု၊ ၃။ ခါ့ဘရောင်ကျေးရွာအုပ်စု။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ့ရုပ်မြင်သံကြား

၁၇-၉-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အောင်တော်မူ စောမင်းနောင်၊ စိုင်းညီမင်း၊ (တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈:၀၀	၆။	အကပြိုင်ပွဲ
၈:၁၀	၇။	ကြေးမုံရိပ်သွင်တေးနယဉ်
၈:၂၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၃၀	၉။	**ပြင်ဦးလွင်ခရိုင်အတွက် အခွင့်အရေးကောင်းတစ်ခု ကျောက်အိုးတံတားက သက်သေပြု**
၈:၄၀	၁၀။	International News
၈:၄၅	၁၁။	တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	တေးဂီတအစီအစဉ်
၄:၂၀	၃။	အတီးပြိုင်ပွဲ
၄:၃၅	၄။	နှောင်းခေတ်တေးပဒေသာ
၄:၄၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၅:၀၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀	၇။	မြန်မာစာ၊ မြန်မာစကား
၅:၂၅	၈။	တေးဂီတအစီအစဉ်
၅:၃၅	၉။	ရိုးသာဖြူစင် ကလေးတို့အသွင်
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၁၅	၁၁။	မိုးလေဝသအခြေအနေ
၆:၂၀	၁၂။	ရသစုံလင် အင်တာနက်ဥယျာဉ်
၇:၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသော ချစ်နှင်းဆီ** (ဒုတိယတွဲ) (အပိုင်း-၃၅)
၈:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**စည်းလုံးတဲ့မြေ** စန္ဒရားမောင်လှအေးနှင့်အဖွဲ့ [တေးရေး-မောင်သဲကြည် (မအူပင်)]
	၁၈။	လျှပ်တစ်ပြက်ဟာသများ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ပထမတွဲ) (အပိုင်း-၂၂)
	၂၀။	**သီချင်းချစ်သူ** (အထူးအစီအစဉ်) (အပိုင်း-၂)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၆

အိုင်စီတီ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာလူငယ်များအတွင်း Computer Networking ပညာရပ်များ တိုးတက်ပြန့်ပွားစေရန်ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာ ဟောပြောပွဲကို စက်တင်ဘာ ၁၈ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ ကွန်ဖရင့်ဟော၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၀၇၀၄၅နှင့် ဖုန်း-၆၅၂၂၉၁တို့သို့ ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်းသိရသည်။ (၁၃၅)

❒ *ရှေ့ဖုံးမှ*

ယင်းလမ်းသစ်ကြီးပေါ်တွင် မော်တော်ယာဉ်ဖြင့် သွားရောက်လေ့လာကြည့်မိသည်။ လမ်းတစ်လျှောက် ကျောက်ခင်းသူက ခင်းနေသည်။ လမ်းကြိတ်စက်များ၊ ယန္တရားများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေသည်ကိုလည်း တွေ့ခဲ့ရသည်။

လမ်းအခြေအနေကို သိရှိလို၍ မေးမြန်းစူးစမ်းကြည့်ရာ စီမံကိန်းတာဝန်ခံဖြစ်သူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးဝင်းဖေက **“ဒီလမ်းက နေပြည်တော် - တောင်ညို - မြို့သစ် - ကန်ပြား(မကွေး) လမ်းမကြီးပါ။ ပဲခူးရိုးမကို ဖြတ်ကျော်ဖောက်လုပ်တဲ့ လမ်းမကြီး ခုနစ်သွယ်ထဲမှာ တစ်ခုအပါအဝင်ပေါ့။ လမ်းသစ်ကြီးဖောက်လုပ်ခဲ့ရာမှာ အခုမြေသားလမ်းအဆင့်ပြီးစီးလို့ ကျောက်ခင်းနေတာပါ။ ရာသီမရွေးသွားလာနိုင်တဲ့ ကတ္တရာလမ်းအဖြစ် ဖောက်လုပ်သွားမှာပါ”**ဟု ပြောကြားပြီး လမ်းဆိုင်ရာအချက်အလက်များကို ရှင်းပြသည်။

အဆိုပါလမ်းမကြီးကား လမ်းအရှည် ၁၀၇မိုင် ၂ဖာလုံရှိသည်။ လမ်းဖောက်လုပ်ရာတွင် စုစုပေါင်း မိုင် ၈၀နှင့် ၄ဖာလုံမှာ လမ်းသစ်ကြီးအဖြစ် တောကိုရှင်း၊ တောင်ကိုဖြတ်၍ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ နေပြည်တော် (သပြေကုန်းအဝိုင်း)မှ ပန်းတင်ကျေးရွာအထိ ၁၉မိုင် ဖြာလုံနှင့် ကန်ပြား-မကွေးလမ်းပိုင်း ၇မိုင်တို့သာ လျှင် မူလရှိနှင့်ပြီးသား ကတ္တရာလမ်းများ ဖြစ်သည်။

ဆောက်လုပ်ရေးအဖွဲ့များသာမက ကုမ္ပဏီအဖွဲ့ ခုနစ်ဖွဲ့ပါ ပါဝင်စုဖွဲ့၍ လမ်းဖောက်လုပ်ရေးလုပ်ငန်းကို အင်တိုက်အားတိုက် တက်ကုန်ရွက်စုံဖွင့်၍ ဆောင်ရွက်ခဲ့သည်။ လမ်းကျယ်ရမည်၊ ဖြောင့်ရမည်၊ အတက်အဆင်းပြေပြစ်ရမည်ဟူသော ရည်မှန်းချက်ဖြင့် အတက်အဆင်း (Gradient) ၇ရာခိုင်နှုန်းအထိ ရရှိစေရန် မြေတူးမြေဖြတ်လုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် မနေမနားဆောင်ရွက်ခဲ့ရသည်။ ထုထည်ပမာဏကြီးမားလှသော တောင်ကုန်းတောင်တန်းကြီးများကို ခက်ခက်ခဲခဲ ဖြတ်ထုတ်ရသည်။ ပမာအားဖြင့် မိုင်တိုင်အမှတ် ၂၀ရှိ တောင်ကုန်းအား အတက်အဆင်း ပြေပြစ်အောင်ဆောင်ရွက်ရာတွင် အမြင့်ပေ၁၀၀ခန့်၊ မြေကျင်းပေါင်းနှစ်သိန်းခန့်ကို ဖြတ်ထုတ်ခဲ့ရကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

ဖောက်လုပ်

လမ်းဖောက်လုပ်ရာတွင် ၇မိုင် ၄ဖာလုံကို လမ်းအထူးဆောက်လုပ်ရေးအဖွဲ့ (၅)နှင့် မကွေးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့က ဆောင်ရွက်ခဲ့ပြီး ၇၃မိုင်ကို King General Service ကုမ္ပဏီ၊ တက်သစ်ဝေကုမ္ပဏီ၊ ပန်းသီကုမ္ပဏီ၊ စွမ်းအားပြည့်ကုမ္ပဏီ၊ စိန်နှင့်သောင်းကုမ္ပဏီ၊ တော်ဝင်မြင့်မြတ်သူကုမ္ပဏီနှင့် Multy Heavy Equipment ကုမ္ပဏီတို့က ဖောက်လုပ်ခဲ့သည်။

လမ်းဖောက်လုပ်ခဲ့မှုနှင့် ပတ်သက်၍ ကုမ္ပဏီများအားမေးမြန်းကြည့်ရာ ပန်းသီကုမ္ပဏီမှ ဒါရိုက်တာဦးထင်လင်းနိုင်က ဘယ်ညာ ပေ ၁၀၀အကျယ်ချဲ့ခြင်း၊ စွန့်ပစ်မြေများ ဖယ်ရှားခြင်းနှင့် လမ်းအူကြောင်းတစ်လျှောက်ရှိတောင်များအား ဖြတ်ထုတ်ခြင်းစသည့် လမ်းလုပ်ငန်းများကို သတ်မှတ်ကာလအမီ ပြီးစီးအောင်ဆောင်ရွက်ခဲ့ကြောင်း ရှင်းပြသည်။

တည်ဆောက်

လမ်းအူကြောင်းသစ်တွင် ပေ ၁၈၀ အထက်ရှိ ချောင်း ၁၀ချောင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ အဆိုပါချောင်းများကို ဖြတ်ကျော်နိုင်ရန်အတွက် ပေ ၁၈၀အထက် တံတားကြီးပေါင်း ၁၀စင်းအား တစ်ပြိုင်တည်း တည်ဆောက်နေသည်ကိုလည်း တွေ့ရသည်။ ချောင်းများအနက် ယင်းချောင်းမှာ နွေရာသီတွင်ရေမရှိဘဲ မိုးရာသီတွင်သာရေရှိသော ချောင်းကြီးတစ်ခုဖြစ်သည်။ ချောင်းပေါ်တွင် ပုံမှန်တံတား တည်ဆောက်မည်ဆိုပါက အရှည်ပေ ၁၄၆၀ခန့်ရှိ တံတားကြီးတစ်စင်းတည်ဆောက်ရမည် ဖြစ်သည်။ ကုန်ကျစရိတ်လည်း ကြီးမားမည်ဖြစ်သည်။ ယင်းတံတားအစား ချောင်းအတွင်းရှိ မိုးရာသီတွင် ရေစီးရေလာများသော နေရာ သုံးနေရာ၌ မြေနိမ့်တံတား (Low Land Bridge) သုံးစင်းတည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ပေ ၅၀ ခန်းဖွင့် သုံးခန်းစီပါဝင်သည့် အရှည်ပေ ၁၅၀စီရှိသည့် သံကူကွန်ကရစ်တံတားနှစ်စင်းနှင့် ၁၂ပေအကျယ် သုံးလုံးတွဲ ပါဝင်သည့် အရှည် ၃၆ပေရှိ ကွန်ကရစ်ရေပြွန်တံတားတစ်စင်းတို့ဖြစ်သည်။ ချောင်းရေများချိန်တွင် ရေအမြင့်တစ်ပေမှ တစ်ပေခွဲ

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်း၌ ယန္တရားများဖြင့် လမ်းလုပ်ငန်းဆောင်ရွက်စဉ်။

စီမံကိန်းရည်ရွယ်ချက်နှင့် ပတ်သက်၍ အင်ဂျင်နီယာချုပ်က “နေပြည်တော်နဲ့ မကွေးမြို့ကို ဆက်သွယ်ထားတဲ့ မကွေး-တောင်တွင်းကြီး-ချောင်းနက်-နေပြည်တော်လမ်းထက် ခရီးမိုင် တိုတောင်းပြီး ရိုးမကိုဖြတ်ကျော်ရာမှာလည်း အတက်အဆင်းပြေပြစ်စွာ သွားလာနိုင်စေဖို့အတွက် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အရ ဒီလမ်းကို ဖောက်လုပ်ခဲ့တာပါ။ ဒါ့အပြင် အရင်က မော်တော်ကားလမ်းမရှိလို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေတဲ့ ကျေးရွာတွေ၊ ဒေသတွေကို ဖြတ်သန်းဖောက်လုပ်ပေးတဲ့အတွက် ဒီဒေသတွေက ဒေသခံပြည်သူတွေ သွားလာရေးအဆင်ပြေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးလာစေဖို့ကိုလည်း ရည်ရွယ်ဆောင်ရွက်ခဲ့တာပါ”ဟု ရှင်းလင်းပြောကြားသည်။

လမ်းကို ၂၀၀၇ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ပြီး ၂၀၀၇-၂၀၀၈ခုနှစ်တွင် လမ်း အူကြောင်းအသစ်တစ်ကြောင်းထိုး လမ်းမိုင် ၃၀ကို ဖောက်လုပ်နိုင်ခဲ့သည်။ ၂၀၀၈-၂၀၀၉ခုနှစ်တွင်လည်း မိုင် ၃၀ ထပ်မံတိုးချဲ့ဖောက်လုပ်နိုင်ခဲ့သည်။ ၂၀၀၉ ဒီဇင်ဘာလတွင်မူ နိုင်ငံတော်၏ လမ်းညွှန်စီမံပေးမှုနှင့်အတူ လမ်းဖောက်လုပ်ရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၁၀ ဇွန်လတွင် မြေသားလမ်းအဆင့် ဖောက်လုပ်ပြီးစီးခဲ့သည်။

မြေသားလမ်းသစ်ဖောက်လုပ်ရာတွင် ၄၂မိုင်မှာပဲခူးရိုးမကို ဖြတ်ကျော်ဖောက်လုပ်ရသည်။ တောထူထပ်ပြီး မတ်စောက်သော တောင်ကုန်း တောင်တန်းများပေါ်၌ လမ်းအတက်အဆင်း (Gradient) ပြေပြစ်ပြီး အကွေ့အကောက်နည်းပါးသော လမ်းအူကြောင်းသစ်ရရှိစေရန် ခက်ခက်ခဲခဲရှာဖွေဖောက်လုပ်ခဲ့ရကြောင်း အင်ဂျင်နီယာချုပ်က ရှင်းပြသည်။

၂၀၀၉ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ

“ကျွန်တော်တို့ကုမ္ပဏီ တာဝန်ယူဖောက်လုပ်ခဲ့တဲ့ လမ်းအရှည်က ၈မိုင် ၄ဖာလုံရှိပါတယ်။ မတ်စောက်တဲ့ တောင်ပေါ်ပိုင်းမှာ ဖောက်လုပ်ရတာပါ။ တချို့တောင်ကုန်းတွေဆိုရင် စက်ယန္တရားတွေမတက်နိုင်လို့ လူအင်အားနဲ့ပဲတောရှင်း၊ ပစ္စည်းသယ် စတာတွေ လုပ်ခဲ့ရတယ်။ ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၅ရက်က လုပ်ငန်းစတင်ခဲ့ပြီး ယခုမြေသားလမ်းပြီးစီးလို့ ကွန်ကရစ်ရေပြွန်တွေ တည်ဆောက်နေပါတယ်”ဟု ပြောကြားသည်။

အလားတူ King General Service ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာဦးနေဝင်းက ကုမ္ပဏီအနေဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးလမ်းဆုံမှ ဇလုပ်ကြီးရိုးအနီးထိ ၃မိုင် ၇ဖာလုံနှင့် ကန်ပြားဘက်ခြမ်း၌ ၁၂မိုင်၊ စုစုပေါင်း ၁၅မိုင် ၇ဖာလုံကိုဖောက်လုပ်ခဲ့ကြောင်း၊ တစ်ကြောင်းထိုးထိုးခြင်း၊ တောရှင်းခြင်း၊ လမ်းဘေး

အထိသာရှိသဖြင့် တံတားတစ်စင်းနှင့်တစ်စင်းအကြားတွင် ငါးပေ ကွန်ကရစ်ရေပြွန်များအား ပေ ၁၀၀ခြားတစ်ခုနှုန်းဖြင့် ထည့်သွင်း၍ ကွန်ကရစ်မြေထိန်းနံရံများဖြင့် တည်ဆောက်မည်ဖြစ်ရာ ကုန်ကျစရိတ်လည်း များစွာသက်သာစေမည်ဖြစ်ကြောင်း မေးမြန်းသိရှိရသည်။ ဆောက်လုပ်မည့် အခြားတံတားများမှာ အရှည်ပေ ၄၀၀ရှိ ငလိုက်ချောင်းတံတား၊ အရှည် ပေ ၃၆၀ရှိ ထန်းတပင်ချောင်းတံတား၊ အရှည်ပေ ၃၀၀ရှိ ရွှေပန်းချောင်းတံတား၊ အရှည်ပေ ၂၀၀စီရှိသည့် သရက်ခွချောင်းတံတား၊ စွန်ချောင်းတံတား၊ စလေချောင်းတံတားနှင့် လိပ်ကမ်းချောင်းတံတား၊ အရှည်ပေ ၁၈၀စီရှိသည့် ကိုးပင်ရိုးတံတားနှင့် ပုလင်းချောင်းတံတားတို့ဖြစ်သည်။ ထို့အပြင် ရေစီးရေလာရှိသော လမ်းနေရာများ၌ ကွန်ကရစ်ရေပြွန်များကိုလည်း တည်ဆောက်လျက်ရှိသည်။

လမ်းသစ်ကြီးတစ်လျှောက် လှည့်လည်ကြည့်ရှုလေ့လာရာတွင်ကား လမ်းအပိုင်းအလိုက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ

နေပြည်တော် - တောင်ညို - မြို့သစ် - ကန်ပြား(မကွေး)လမ်း၌ လမ်းခင်းရန်အတွက် ကျောက်များစုစည်းထားစဉ်။

ဆောက်လုပ်ရေးအဖွဲ့များ၊ ကုမ္ပဏီများက ကျောက်ခင်းလုပ်ငန်းများ၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရသည်။ မိုင်တိုင်အမှတ် ၆၅ မှ ၇၀ အတွင်းတွင် မင်းဘူးခရိုင် ဆောက်လုပ်ရေးအဖွဲ့၊ မိုင်တိုင်အမှတ် ၇၀မှ ၇၅ အတွင်းတွင် King General Services ကုမ္ပဏီနှင့် မိုင်တိုင်အမှတ် ၇၅မှ (၈၀/၄)အထိ ကန်ပြားကျေးရွာအနီးတွင် မကွေးခရိုင်ဆောက်လုပ်ရေးအဖွဲ့တို့က ဒေသခံကျေးရွာများမှ လမ်းလုပ်သားများဖြင့် ကျောက်လမ်းခင်းလျက်ရှိသည်။ လမ်းတစ်လျှောက်လုံး၌ လမ်းအထူးဆောက်လုပ်ရေးအဖွဲ့ နှစ်ဖွဲ့၊ ခရိုင်ဆောက်လုပ်ရေးအဖွဲ့ လေးဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ ၁၁ ဖွဲ့ စုစုပေါင်း ၁၇ ဖွဲ့ဖြင့် လုပ်ငန်းများ စုဖွဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းကိုကျယ်အောင်၊ ဖြောင့်အောင်၊ အတက်အဆင်း အနိမ့်အမြင့်ပြေပြစ်အောင် ဖောက်လုပ်ထားသကဲ့သို့ မြေသားလမ်းကို အထပ်ထပ်ကြိတ်ပြီးမှ ကျောက်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း အင်ဂျင်နီယာချုပ်က

မဟုတ်ပေ။ ပထမဆုံးပြေပြစ်သောလမ်းအူကြောင်းရရှိစေရန် တောကြီးမျက်မည်းထဲတွင် ခက်ခက်ခဲခဲရှာဖွေရသည်။ ထို့နောက် တစ်ကြောင်းထိုး ထိုးခြင်း၊ တောရှင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရသည်။ ယင်းနောက် လိုအပ်သော မြေသားလမ်းအကျယ်ရရှိစေရန် မြေသားများ ဖြတ်ထုတ်ခြင်း၊ ညှိခြင်းစသည်တို့ကို ဆောင်ရွက်ရသည်။ ထိုမှတစ်ဆင့် သတ်မှတ်ခံနိုင်ဝန်ရှိရန်နှင့် မြေအသားသေစေရန်အတွက် အထပ်ထပ်အခါခါရေဖျန်း၍ လမ်းကြိတ်စက်ဖြင့် အထပ်ထပ်ကြိတ်ရသည်။ ယင်းသို့ဆောင်ရွက်ပြီးမှသာ ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရသည်။ သို့မှသာ သတ်မှတ်ခံနိုင်ဝန်ဖြင့် ရာသီမရွေးသွားလာနိုင်သော လမ်းကောင်းတစ်လမ်း ဖြစ်လာပေမည်။ ပဲခူးရိုးမကဲ့သို့ တောတောင်ထူထပ်ပြီး တောင်စွယ်တောင်တန်းများပြားသော ဒေသတွင် လမ်းဖောက်လုပ်ရသည်မှာကား ပို၍ ပင်ခက်ခဲသည်။ ဝန်ထမ်းများနှင့် လမ်း

အလုပ်တွေရပြီး ဝင်ငွေဖြောင့်နေပြီ။ ဒါ့အပြင် လမ်းရှိလာတဲ့အတွက် ရွာတွေက ထွက်ကုန်တွေ၊ သီးနှံတွေကို ဆိုင်ကယ်တွေ၊ ထော်လာဂျီတွေ၊ ကားတွေနဲ့သယ်ပြီး မကွေး၊ မြို့သစ်စတဲ့မြို့တွေဆီကို အချိန်တိုအတွင်း အလွယ်တကူပို့နိုင်နေပြီဗျ။ ကတ္တရာလမ်း ဖောက်ပြီးသွားရင်တော့ အတိုင်းအထက်အလွန် ပိုကောင်းသွားမှာပေါ့ဗျာ”ဟု ပြောကြားသည်။ အလုပ်လည်းရ၊ လမ်းသစ်ကြီးပေါ်တွင်လည်း သွားလာနေရပြီဖြစ်သဖြင့် အဆိုပါကျေးရွာများမှ ဒေသခံများ၏ ပြုံးပျော်ကြည်နူးနေဟန်မှာ အထင်းသားပေါ်လွင်နေသည်။

နေပြည်တော်ကိုဗဟိုပြု၍ တစ်နိုင်ငံလုံးတွင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိရာ နေပြည်တော်-

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်း၌ ကျောက်လမ်းခင်းနေစဉ်။

ရှင်းပြသည်။ မြေသားလမ်းမှာ အကျယ်ပေ ၄၀မှ ၈၀အထိရှိပြီး လမ်းကို အကျယ်၁၂ပေရှိ ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

အမှန်တကယ်မူ လမ်းတစ်လမ်းဖောက်လုပ်ခြင်းမှာ လွယ်ကူသောကိစ္စတစ်ရပ်တော့

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်း၌ တောင်များကိုဖြတ်၍ လမ်းဖောက်လုပ်ထားစဉ်။

လုပ်သားများအား တောရိုင်းတိရစ္ဆာန်များ အန္တရာယ်နှင့် ရောဂါဘယများ ကင်းဝေးစေရန်လည်း ကြိုတင်ကာကွယ်ရသည်။ ယာဉ်ယန္တရားများ၊ လုပ်သားများ တောင်အောက်ချောက်ထဲ ကျမသွားစေရန်လည်း သတိကြီးစွာထား၍ ဆောင်ရွက်ရသည်။ ကျောက်တောင်ကြီးများအား ဖြိုရ၊ ဖြတ်ရသဖြင့် သာမန်လမ်းလုပ်ငန်းတစ်ခုထက် ပိုမို အချိန်ယူဆောင်ရွက်ရသည်။ မည်သို့ဆိုစေ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောက်လုပ်ရေးအဖွဲ့များနှင့် ကုမ္ပဏီများ၏ မိုးရာသီအတွင်းမှာပင် နေပူမရှောင်၊ မိုးရွာမရှောင် မနေမနားဆောင်ရွက်ခဲ့မှုကြောင့် ပဲခူးရိုးမ ဖြတ်ကျော်လမ်းသစ်ကြီးအဖြစ် ပေါ်ထွန်းလာခဲ့ပေပြီ။

မိုင်တိုင်အမှတ် (၇၇)မှ (၇၇/၄) အတွင်း၌ ကျောက်ခင်းလုပ်ငန်းဆောင်ရွက်နေသော လမ်းလုပ်သားများအနက် ကျစ်ဆုံကျေးရွာမှ ကိုတင်ထွန်းအား မေးမြန်းကြည့်ရာ “ကျွန်တော်တို့က ဒီလမ်းပတ်ဝန်းကျင်ရွာတွေက ရွာသားတွေပါ။ လမ်းသစ်ဖောက်လိုက်တော့ ကျွန်တော်တို့လည်း

တောင်ညို-မြို့သစ်-ကန်ပြား (မကွေး) လမ်းမကြီးသည်လည်း ယင်းလမ်းစီမံကိန်းကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ယင်းလမ်းသစ်ကြီးက ၁၂မိုင် ၄ ဖာလုံရှိ မူလရှိပြီးသား မကွေး-တောင်တွင်းကြီး-ချောင်းနက်-နေပြည်တော်လမ်းထက် ခရီးမိုင် ၁၄ မိုင် ၂ဖာလုံ တိုတောင်းပြီး အတက်အဆင်း အကွေ့အကောက်လည်း နည်းပါးပြေပြစ်အောင် ဖောက်လုပ်ထားသည်။ ကတ္တရာလမ်း ဖောက်လုပ်ပြီးစီးပါက မကွေးမြို့မှ နေပြည်တော်သို့အချိန်တိုအတွင်း အလွယ်တကူဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သည်။ ထို့အပြင် ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲသော မြို့သစ်မြို့နယ်နှင့် မကွေးမြို့နယ်တို့မှ ကျေးရွာများ၊ ပဲခူးရိုးမပေါ်ရှိ ကျေးရွာများကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်ရာ ယင်းကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် သွားလာဆက်သွယ်ရေးလွယ်ကူပြီး ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်တော့မည်ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။ ။

တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားတက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၆

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦးသည် စက်တင်ဘာ ၁၁ရက် နံနက်ပိုင်းက တောင်ကြီးမြို့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး တိုင်းမှူးနှင့်တက်ရောက်လာကြသူများသည် ကျောင်းကြက်ခြေနီ တပ်ဖွဲ့ဝင်များ၏ သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ခင်းကျင်းပြသထားသည့် ရှေးဦးပြုစုခြင်းဆိုင်ရာ စာအုပ်စာစောင်၊ ဂျာနယ်နှင့် လက်ကမ်းစာစောင်များကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုသိမ်-မုံရွာ ကားလမ်းမကြီးအပိုင်း(၁) လမ်းတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၂ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်-မုံရွာကားလမ်း အပိုင်း(၁)၏ ပုသိမ်ခရိုင် လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပုသိမ်-မုံရွာကားလမ်း အပိုင်း(၁)ကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးထားသည့် ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းမောင်က မိုင်တိုင်အမှတ် (၃၃/၂)မှ (၁၇၉/၆)အထိ ၁၄၆ မိုင် ၄ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင် အဖွဲ့ ခုနစ်ဖွဲ့၊ အထူးအဖွဲ့ လေးဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ခြောက်ဖွဲ့ စုစုပေါင်း ၁၇ဖွဲ့ဖြင့် အပိုင်းလိုက်ခွဲ၍ လမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့်ဝန်ကြီးသည် မော်တော်ယာဉ်ဖြင့် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရွှေသံလွင်ကုမ္ပဏီ လမ်းစခန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ပုသိမ်-မုံရွာကားလမ်း အပိုင်း(၁)ကို အပိုင်းလိုက် တာဝန်ယူဆောင်ရွက်နေသည့် ရွှေသံလွင်ကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီ၊ ရွှေတောင်ကုမ္ပဏီ၊ ရန်ကုန် ကရောင်းကုမ္ပဏီ၊ စိမ်းစကိုင်းကုမ္ပဏီနှင့် မြန်မာအိုင်ဝါတနီ ကုမ္ပဏီတို့မှ တာဝန်ရှိသူများက မိမိတို့ တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မိုင်တိုင်အမှတ် (၈၄/၁)မှ (၉၄/၁)အထိ အေးရှားဝေါလ် ကုမ္ပဏီက စက်ယန္တရားများဖြင့် လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၁၃၆/၂)မှ (၁၄၆/၂)အထိ တောင်ငူခရိုင်မှ ကျောက်ခင်းခြင်း လုပ်ငန်းတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လမ်းတစ်လျှောက် လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီးသည် မိုင်တိုင်အမှတ် (၁၆၆/၃)မှ (၁၇၂/၃)အထိ လမ်းအထူးအဖွဲ့ (၁၆)က စက်ယန္တရားများဖြင့် လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေရေး ရေစကြိုမြို့နယ်၌ ဆွေးနွေးဆောင်ရွက်

ရေစကြို စက်တင်ဘာ ၁၆

ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေရေးနှင့် ရောဂါထောက်လှမ်းရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၀ရက်က ပခုက္ကူခရိုင် ရေစကြိုမြို့နယ် စံပြဆိတ်မွေးမြူရေးခြံ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာမောင်လှိုင်၊ ပခုက္ကူခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်သန်းနှင့် မြို့နယ်ဦးစီးမှူးများ၊ ရေစကြိုမြို့နယ် ကျေးလက်ကျန်းမာရေးလုပ်သားများ တက်ရောက်ကြသည်။

ဆွေးနွေး

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာသူများက ရေစကြိုမြို့နယ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါရှာဖွေရေး၊ ရောဂါထောက်လှမ်းရေးလုပ်ငန်းများ အခြေအနေ၊ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သောရောဂါများအခြေအနေ၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း တိုးတက်မှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (ဝ၇ဝ)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို စက်တင်ဘာ ၅ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမိုးရန်နိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

နမ့်ခမ်းနှင့် ကွတ်ခိုင်မြို့နယ်တို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၆

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်ဦးစီးဌာနမှူး ဦးမြင့်ကိုကိုသည် စက်တင်ဘာ ၁၁ရက် မွန်းလွဲ ၂နာရီက မူဆယ်မြို့နယ် ဦးစီးဌာနမှူးရုံး၌ မူဆယ်ခရိုင်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူး ရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများမှာကြားသည်။

ပေးအပ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ဦးစီးဌာနမှူး ဦးမြင့်ကိုကိုသည် စက်တင်ဘာ ၁၂ရက် နံနက် ၉နာရီက နမ့်ခမ်းမြို့နယ် ဦးစီးဌာနမှူးရုံး၌လည်းကောင်း **(အပေါ်ပုံ)**၊ စက်တင်ဘာ ၁၃ရက် မွန်းလွဲ ၁၂နာရီခွဲက ကွတ်ခိုင်မြို့နယ် ဦးစီးဌာနမှူးရုံး၌လည်းကောင်း ကျင်းပသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားများသို့ တက်ရောက်၍ ဒေသခံရပ်ကွက် ၊ ကျေးရွာ ကိုယ်စားလှယ်များအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ် စာပေ လူ့မိတ်ဆွေ

အခြေခံပညာအလယ်တန်းကျောင်းခွဲ တောင်ငူမြို့နယ်၌ ဖွင့်လှစ်

တောင်ငူ စက်တင်ဘာ ၁၆

တောင်ငူမြို့နယ် ကရင်ချောင်းကျေးရွာအုပ်စု ကျေးအင်း၊ ထုံးဘိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်ပွဲကို စက်တင်ဘာ ၁၁ရက် နံနက် ၁၀ နာရီက ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားကို ခရိုင်ပညာရေးမှူး ဦးကျင်ဆိုင်၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးတင့်ဆွေနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ဖွင့်လှစ်

ထို့နောက် ခရိုင်ပညာရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၊ ကျောင်းအုပ်ဆရာမကြီး၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးတင့်ဆွေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်ချမ်းတို့က ကျောင်းဖွင့်လှစ်နိုင်မှုအခြေအနေများကို လည်းကောင်း အသီးသီးပြောကြားကြသည်။

တက်ရောက်

အဆိုပါ ကျောင်းဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဌာနမှဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ကျောင်းသား မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နိုင်ပွဲအတွက် ယုံကြည်ပြီးသားပါ (မော်ရင်ဟို)

အခွင့်အရေးတွေအပြည့်အဝအသုံးချနိုင်ခဲ့တယ် (အာစင်ဝင်းဂါး)

❖ မောင်မောင်မြင့်ဆွေ - ရေးသားသည် ❖

မက်ဒရစ် စက်တင်ဘာ ၁၆

၂၀၁၀-၂၀၁၁ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွေကို စက်တင်ဘာ ၁၆ရက် နံနက်က ယှဉ်ပြိုင်ကစားတဲ့အခါ နာမည်ကြီးထိပ်တန်းအသင်းတွေဖြစ်တဲ့ ရီးရဲမက်ဒရစ်၊ အာဆင်နယ်နဲ့ ချယ်လ်ဆီးအသင်းတွေအနိုင်ရရှိခဲ့ကြပါတယ်။ ဒါကြောင့် အဲဒီကလပ်အသင်းတွေက နည်းပြတွေနဲ့ ဂိုးသွင်းယူခဲ့တဲ့ ဘောလုံးသမားအချို့ရဲ့ ပွဲအပြီးပြောစကား အချို့ကို ဖော်ပြပေးလိုက်ပါတယ်။

မော်ရင်ဟို

(ရီးရဲမက်ဒရစ်နည်းပြ)

"အေဂျက်ဇ်အသင်းဟာ မာကျောမှုရှိတဲ့ အသင်းပါ။ ကျွန်တော့်လူတွေ ခက်ခက်ခဲခဲ ကစားခဲ့ကြရတယ်။ပထမဂိုးသွင်းပြီးတော့ ကျွန်တော်စိုးရိမ်ပူပန်မှု နည်းနည်းလျော့သွားတယ်။ ပွဲအစမှာ စိုးရိမ်မှုတော့ရှိခဲ့တာ အမှန်ပါ။ ဒါပေမယ့် ဒီပွဲကို အနိုင်ရအောင် ကစားရမယ်လို့ ကစားသမားတွေကို မှာကြားပြီးသားဆိုတော့ ကျွန်တော့်အသင်းနိုင်ပွဲအတွက် ယုံကြည်မှုရှိပြီးသား ဖြစ်ပါတယ်။"

စီရိုနယ်ဒို

(ရီးရဲတောင်ပံကစားသမား)

"ပွဲတိုင်းဂိုးသွင်းနိုင်ဖို့ ကြိုးစားခဲ့



တာပါပဲ။ ဒီပွဲမှာလည်း အသင်းအတွက် ဂိုးသွင်းနိုင်ရေး အားထုတ်ခဲ့ရတယ်။ အေဂျက်ဇ် နောက်တန်းခံစစ်မှူးတွေက အတွေ့အကြုံများတဲ့ သူတွေမို့ ခဲခဲယဉ်းယဉ်း ထိုးဖောက်ဂိုးသွင်းခဲ့ရတာပါ။ ဒါပေမယ့် ကျွန်တော်သွင်းတဲ့ ဂိုးက နောက်ခံလူကြောင့် ဝင်သွားတဲ့ဂိုးပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် ကျေနပ်ပါတယ်။ ကျွန်တော့်အသင်း နိုင်ပွဲရအောင် ကူညီနိုင်ခဲ့လို့ပါ။"

အာစင်ဝင်းဂါး

(အာဆင်နယ်နည်းပြ)



"ဒီပွဲရလဒ်က အံ့မခန်းပါပဲ။ ရတဲ့ အခွင့်အရေးတွေကို အပြည့်အဝအသုံးချနိုင်ခဲ့လို့ပါ။ ကျွန်တော့်ကစားသမားတွေဟာ ဂိုးသွင်းနိုင်ဖို့၊ နိုင်ပွဲရဖို့ ဆာလောင်မွတ်သိပ်နေကြသူတွေ ချည်းပါပဲ။ ချန်ပီယံလိဂ်ပွဲစဉ်အစမှာ အခုလို ခြောက်ဂိုးပြတ်နဲ့ ဘရာဂါအသင်းကို နိုင်တာဟာ ထိုက်တန်တဲ့ ရလဒ်ဖြစ်ပါတယ်။"

ဗီလာ

(အာဆင်နယ်ကစားသမား)

"ဒီပွဲကိုတော့ မမေ့နိုင်စရာပါပဲ။ အာဆင်နယ်အတွက် ဒီနှစ်ချန်ပီယံလိဂ်မှာ ကျွန်တော်တစ်ပွဲတည်းနဲ့ နှစ်ဂိုးသွင်းယူနိုင်ခဲ့လို့ ဖြစ်ပါတယ်။ ဒီလို ဂိုးသွင်းနိုင်တာဟာ ကစားဖော်တွေရဲ့ ပံ့ပိုးပေးမှုကြောင့်လည်း ပါဝင်တယ်။ အခုပွဲမှာ ဂိုးသွင်းနိုင်ခဲ့တာဟာ နောက်ပွဲစဉ်တွေမှာ အခုလို ခြေစွမ်းရအောင်ကြိုးစားရတော့မယ်ဆိုတဲ့ စိတ်ဓာတ်ဖြစ်ပေါ်စေခဲ့ပါပြီ။"

အန်ဆယ်လော့တီ

(ချယ်လ်ဆီးနည်းပြ)

"အဝေးကွင်းမှာ ဇီလီနာအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တဲ့ ရလဒ်က ကျေနပ်စရာပါ။ ကျွန်တော့်ကစားသမားတွေဟာ အဝေးကွင်း၊ အိမ်ကွင်းတွေမှာ ပုံမှန်ခြေစွမ်းရနေတာမို့ နိုင်ပွဲရမယ်လို့တော့ မျှော်လင့်ခဲ့တာပါပဲ။ ပထမပိုင်းမှာ သုံးဂိုးသွင်းနိုင်ခဲ့တာမို့ စိတ်သက်သာမှု စောစောစီးစီးရခဲ့တာ အမှန်ဖြစ်ပါတယ်။"

အနယ်လ်ကာ

(ချယ်လ်ဆီး တိုက်စစ်မှူး)

"အသက်အရွယ်ရနေပြီး ခြေစွမ်းကျဆင်းနေပြီဆိုတဲ့ ဝေဖန်မှုတွေကို ဒီပွဲမှာ ကျွန်တော် ချေဖျက်နိုင်ပါပြီ။ လေးမိနစ်

ပဲခြားပြီး နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့တာမို့ ကိုယ်တိုင်လည်း အားရမိတာအမှန်ပါပဲ။ ဒီနှစ်မှာ ချယ်လ်ဆီးအတွက် ကျွန်တော် ဂိုးတွေ ထပ်သွင်းယူပြဦးမှာပါ"ဟု အသီးသီးဖွင့်ဟ ပြောကြားသွားခဲ့ပါကြောင်း။ ။ **(အင်တာနက်)**

ချန်ပီယံလိဂ်အုပ်စုပွဲများ ဆက်လက်ယှဉ်ပြိုင် အာဆင်နယ်၊ ချယ်လ်ဆီးတို့ ဂိုးမိုးရွာ

မြင့်မောင်စိုး - စုစည်းသည်

လန်ဒန် စက်တင်ဘာ ၁၆

ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲများကို စက်တင်ဘာ ၁၆ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပါတယ်။ ပရီမီယာလိဂ်ကလပ်တွေဖြစ်တဲ့ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ဟာ ပြိုင်ဘက်အသင်းတွေကို ပြတ်ပြတ်သားသား အနိုင်ယူပြနိုင်ခဲ့ပါတယ်။

အာဆင်နယ်က အိမ်ကွင်းမှာ ပေါ်တူဂီကလပ် ဘရာဂါကို ခြောက်ဂိုးပြတ်နဲ့ အနိုင်ရလိုက်တာ ဖြစ်ပါတယ်။ အာဆင်နယ်အတွက် အဖွင့်ဂိုးကိုတော့ အသင်းခေါင်းဆောင် ဖာဘရီဂတ်စ်က ပွဲစပြီး ကိုးမိနစ်အကြာမှာ ပယ်နယ်တီမှ တစ်ဆင့်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ပွဲချိန် မိနစ် ၃၀ မှာတော့ အာရှာဗင်က ဖာဘရီဂတ်စ်ရဲ့ ဖြတ်တင်ဘောမှတစ်ဆင့် ဒုတိယအနိုင်ဂိုးသွင်းယူခဲ့ပါတယ်။ ဒီဂိုးသွင်းပြီး လေးမိနစ်အကြာ ချာမက်ခ်က အာဆင်နယ်အတွက် တတိယအနိုင်ဂိုး သွင်းယူခဲ့ပါတယ်။

အာဆင်နယ်အသင်းအတွက် အဖွင့်ဂိုးကို ဖာဘရီဂတ်စ်က ပယ်နယ်တီမှတစ်ဆင့် ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဒုတိယပိုင်းပြန်စပြီး မကြာမီ ဖာဘရီဂတ်စ်က အာဆင်နယ်အတွက် စတုတ္ထအနိုင်ဂိုး သွင်းယူခဲ့ပါတယ်။ ကားလို့စ်ဗီလာက ပဉ္စမနဲ့ ဆဋ္ဌမမြောက် ဂိုးများသွင်းယူပေးခဲ့တာကြောင့် အာဆင်နယ်တို့ အိမ်ကွင်းမှာ ခြောက်ဂိုး-ဂိုးမရှိနဲ့ ဘရာဂါအသင်းကို အနိုင်ကစားပြီး အုပ်စု (ဇ) မှာ ရမှတ်သုံးမှတ် ထိုက်ထိုက်တန်တန် ရယူနိုင်ခဲ့ပါတယ်။

အလားတူ အုပ်စု (ဇ) အသင်းတွေဖြစ်တဲ့ ရှက်တာဒိုးနက်နဲ့ ပါတီဇန် ဘဲဂရိတ်အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြရာမှာ ရှက်တာဒိုးနက်က တစ်လုံးတည်းသော အနိုင်ဂိုးနဲ့ ရမှတ်သုံးမှတ် စုဆောင်းနိုင်ခဲ့ပါတယ်။

ပရီမီယာလိဂ် ချန်ပီယံ

ပရီမီယာလိဂ်ချန်ပီယံဖြစ်တဲ့ ချယ်လ်ဆီးအသင်းနဲ့ အမ်အက်စ်ကေဇီလီနာအသင်းတို့ ယှဉ်ပြိုင်ရာမှာ ချယ်လ်ဆီးက လေးဂိုး- တစ်ဂိုးနဲ့ နိုင်ခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းအတွက် အဖွင့်ဂိုးကိုတော့ အက်ဆီယံက ပွဲစပြီး ၁၃ မိနစ်အကြာမှာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဒီနောက်မှာတော့ တိုက်စစ်မှူး အနယ်လ်ကာက ပွဲချိန် ၂၄ မိနစ်နဲ့ ၂၈ မိနစ်မှာ ဆက်တိုက် ဂိုးများသွင်းယူပေးခဲ့ပါတယ်။ ဒုတိယပိုင်းပြန်စပြီး သုံးမိနစ်အကြာမှာ စတာရစ်က ချယ်လ်ဆီးအတွက် စတုတ္ထမြောက်ဂိုး သွင်းယူပေးခဲ့ပါတယ်။ ပွဲချိန် ၅၅မိနစ်မှာ အိုရာဗက်က အမ်အက်စ်ကေဇီလီနာအတွက် နှစ်သိမ့်ဂိုး သွင်းယူပေးခဲ့ပါတယ်။ ချယ်လ်ဆီးတို့ လေးဂိုး- တစ်ဂိုးနဲ့ အနိုင်ရလိုက်တာကြောင့် အုပ်စု (စ) မှာ ရမှတ်သုံးမှတ် ပိုင်ဆိုင်သွားပါပြီ။

အလားတူ အုပ်စု (စ)အသင်းတွေဖြစ်တဲ့ မာဆေးနဲ့ စပါးတပ်စ်မော်စကို အသင်းတို့ ယှဉ်ပြိုင်ရာမှာ စပါးတပ်စ်မော်စကိုက တစ်လုံးတည်းသော အနိုင်ဂိုးနဲ့ ရမှတ်သုံးမှတ် စုဆောင်းနိုင်ခဲ့ပါတယ်။

အေစီမီလန်တိုက်စစ်မှူး အီဗရာဟင်မိုဗစ် အော်ဇေးအသင်းဘက်သို့ ဂိုးသွင်းယူစဉ်။ (အင်တာနက်ဓာတ်ပုံ)

အုပ်စု (ဆ)

အုပ်စု (ဆ) အသင်းတွေဖြစ်တဲ့ အေစီမီလန်အသင်းနဲ့ အော်ဇေးအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာမှာတော့ အေစီမီလန်က အီဗရာဟင်မိုဗစ်ရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ အနိုင်ရလိုက်ပါတယ်။

အလားတူ အုပ်စု (ဆ) အသင်းတွေဖြစ်တဲ့ ရီးရဲမက်ဒရစ်နဲ့ အေဂျက်ဇ်အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာမှာတော့ ရီးရဲမက်ဒရစ်က ဟီဂူအင်ရဲ့ သွင်းဂိုး နှစ်ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။

အုပ်စု(င)

အုပ်စု (င) အသင်းတွေဖြစ်တဲ့ ဘိုင်ယန်မြူးနစ်နဲ့ ရိုးမားအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာမှာတော့ ဘိုင်ယန်မြူးနစ်က မူလ်လာနဲ့ ကလိုဆေးတို့ရဲ့ ဂိုးတွေနဲ့ အနိုင်ယူခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်က အိမ်ကွင်း၌ ကစားခဲ့ရပေမယ့် ပွဲပြီးဖို့ ၁၀ မိနစ်အလိုမှာ မူလ်လာနဲ့ ကလိုဆေးတို့က အနိုင်ဂိုးများ သွင်းယူခဲ့ပါတယ်။ တစ်ဖန် အုပ်စု(င) အသင်းတွေဖြစ်တဲ့ နာပိုကာအသင်းနဲ့ ဘေဆယ် အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာမှာတော့ နာပိုကာအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်ပါတယ်။ ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲများကို စက်တင်ဘာ ၂၈ ရက်နဲ့ ၂၉ ရက်တွေမှာ အုပ်စုဒုတိယပွဲစဉ်အဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ကြောင်း သိရပါတယ်။ ။ **ကိုးကား- အင်တာနက်**

ကောင်းမြတ်သူ ➤ စုစည်းသည်

အက်စ်တွန်ဗီလာနည်းပြသစ်ဟူလီယာ လာမည့်ပရီမီယာလိဂ်ပြိုင်ပွဲမှ စတင်ပြီးအသင်းကိုကိုင်တွယ်မည်

လန်ဒန် စက်တင်ဘာ ၁၆

အက်စ်တွန်ဗီလာ အသင်းနည်းပြသစ် ဂျရတ်ဟူလီယာသည် လာမည့် ပရီမီယာလိဂ်ပွဲစဉ် (၅)မှစတင်ပြီး အသင်းကိုကိုင်တွယ်မည်ဖြစ်ကြောင်း ၎င်းက အတည်ပြု ပြောကြားလိုက်သည်။ အက်စ်တွန်ဗီလာအသင်းနှင့် ဘော်လ်တန်အသင်းတို့သည် စက်တင်ဘာ ၁၈ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဟူလီယာသည် လွန်ခဲ့သည့် သီတင်းပတ်က အက်စ်တွန်ဗီလာ အသင်းနည်းပြ ဖြစ်လာခြင်းဖြစ်သည်။ အသက် ၆၃နှစ်အရွယ်ရှိ ဟူလီယာသည် အက်စ်တွန်ဗီလာအသင်းနှင့် သုံးနှစ် စာချုပ် ချုပ်ဆိုထားသည်။ ဗီလာနှင့် စာမချုပ်မီ သူသည် ပြင်သစ်ဘောလုံးအဖွဲ့ချုပ်၏ နည်းစနစ်ပိုင်း ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်မည့် ချယ်လ်ဆီး

လန်ဒန် စက်တင်ဘာ ၁၆

ယခုနှစ်ရာသီတွင် ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်နိုင်သည့်အသင်း ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ချယ်လ်ဆီး ဂိုးသမားပီတာချက်က ပြောကြားသည်။

ချယ်လ်ဆီးအသင်းမှ ဂျိုကိုးလ်၊ ကာဗယ်ဟို၊ ဒေကိုနှင့် မိုက်ကယ်ဘောလက်တို့ နွေရာသီက ပြောင်းရွှေ့သွားကြသော်လည်း လက်ရှိခြေစွမ်းအရ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်သည့် အသင်းဖြစ်လာနိုင်ကြောင်း ပီတာချက်က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

အင်္ဂလန်ဘောလုံးအသင်း ကမ္ဘာ့အဆင့်ခြောက်တွင် ရပ်တည်ဆဲဖြစ်

လန်ဒန် စက်တင်ဘာ ၁၆

အင်္ဂလန်ဘောလုံးအသင်းသည် ယူရို ၂၀၁၂ ခြေစစ်ပွဲနှစ်ပွဲဆက်တိုက်အနိုင်ရခဲ့ပြီးနောက် ဖီဖာ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် နံပါတ်ခြောက်နေရာကို ဆက်လက်ထိန်းထားနိုင်ခဲ့သည်။

ရောက်ရှိ

စပိန်က နံပါတ်တစ်နေရာတွင်ရှိပြီး နယ်သာလန်က ဒုတိယနေရာ၌ရှိသည်။ ဂျာမနီက ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့် သုံးနေရာမှာရှိသည်။ ဘရာဇီးက စတုတ္ထ၊ အာဂျင်တီးနားက ပဉ္စမနေရာတွင်ရှိသည်။ ပြင်သစ်အသင်းမှာ ဆိုးဆိုးရွားရွား ကမ္ဘာ့အဆင့် ၂၇သို့ ရောက်ရှိသွားသည်။

အများဆုံးပါဝင်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က လွန်ခဲ့သော ငါးပတ်ကျော်က ယှဉ်ပြိုင်ကစားခဲ့သည့် နိုင်ငံတကာပွဲပေါင်း ၁၅၉ပွဲမှ အနိုင်အရှုံးအပေါ်အခြေခံပြီး ဘောလုံးအဆင့်အတန်း သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲများတွင် ယူရို ၂၀၁၂ခြေစစ်ပွဲများနှင့် အာဖရိက နိုင်ငံများဖလားခြေစစ်ပွဲ အနိုင်အရှုံးရလဒ်များလည်း ပါဝင်သည်။

အသင်း	ကမ္ဘာ့အဆင့်
စပိန်	၁
နယ်သာလန်	၂
ဂျာမနီ	၃
ဘရာဇီး	၄
အာဂျင်တီးနား	၅
အင်္ဂလန်	၆
ဥရုဂွေး	၇
ပေါ်တူဂီ	၈
အီဂျစ်	၉
ချီလီ	၁၀

(အင်တာနက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
ဘွဲ့နှင်းသဘင်ကျင်းပခြင်းကြေညာချက်

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၉ ပညာသင်နှစ်အတွက် ၂၀၀၉ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ကျင်းပပြီးစီးခဲ့သော ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့နှင့် သိပ္ပံဘွဲ့စာမေးပွဲများကို အောင်မြင်ပြီး တက်ရောက်ဘွဲ့ယူရန် ၃၁-၇-၂၀၁၀ ရက် နောက်ဆုံးထား၍ လျှောက်ထားပြီးဖြစ်သော ပုဂ္ဂိုလ်များအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားများကို ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့တက်ရောက်ယူသည့်ပွဲများတွင် အမျိုးသားများသည် မြန်မာဝတ်စုံ(အင်္ကျီလက်ရှည်ဖြစ်ရမည်)(သို့မဟုတ်) တိုင်းရင်းသားဝတ်စုံ(သို့မဟုတ်)အနောက်တိုင်းဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ(အင်္ကျီလက်ရှည်ဖြစ်ရမည်) (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ကြရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ကြမည့် ကျောင်းသူ ကျောင်းသားများသည် အစမ်းလေ့ကျင့်ပွဲရက်နှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ လိုက်လျောညီထွေသော ဝတ်စားဆင်ယင်မှုများကိုသာ ဝတ်ဆင်ကြရန်နှင့် မြန်မာ့အသွင်ပျောက်နေသည့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ ဝတ်ဆင်လာသူများကို ဘွဲ့နှင်းသဘင်အခမ်းအနားများ(အစမ်းလေ့ကျင့်ပွဲအပါအဝင်)သို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၃။ **(၁၁၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင်**

အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
ဥပဒေပညာ(နိုင်ငံခြား)	၁၄-၁၀-၂၀၁၀ရက်	၁၆-၁၀-၂၀၁၀ရက်
ဥပဒေပညာ(ဒဂုံ)	(ကြာသပတေးနေ့)	(စနေနေ့)
(၄-ဥ ၁ မှ ၃၄၈ အထိ)	နံနက် ၉း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
မြန်မာစာ(မော်လမြိုင်)	ခန်းမ(ရှေ့ခြမ်း)	(ပ-နံနက်)
ပထဝီဝင်(ပုသိမ်)		
အင်္ဂလိပ်စာ(မော်လမြိုင်)		
သိပ္ပံဘာသာရပ်အားလုံး(ပုသိမ်)		
သိပ္ပံဘာသာရပ်အားလုံး(ထားဝယ်)		
ဥပဒေပညာ(ဒဂုံ)	၁၄-၁၀-၂၀၁၀ရက်	၁၆-၁၀-၂၀၁၀ ရက်
(၄-ဥ ၃၅၀ နှင့်အထက်)	(ကြာသပတေးနေ့)	(စနေနေ့)
ဥပဒေပညာ(ဟသ်ာတ)	နံနက် ၉း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
အင်္ဂလိပ်စာ(တောင်ငူ)	ခန်းမ(နောက်ခြမ်း)	(ပ-ညနေ)
ပထဝီဝင်(ဘားအံ)		
ပထဝီဝင်(မြိတ်)		
ရူပဗေဒ(မော်လမြိုင်)		
သတ္တဗေဒ(မော်လမြိုင်)		
ဥပဒေပညာ(ပုသိမ်)	၁၄-၁၀-၂၀၁၀ ရက်	၁၇-၁၀-၂၀၁၀ ရက်
သမိုင်း(နိုင်ငံခြား)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
သမိုင်း(ဒဂုံ)	မွန်းလွဲ ၂း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
ဓာတုဗေဒ(မော်လမြိုင်)	ခန်းမ(ရှေ့ခြမ်း)	(ဒု-နံနက်)
သင်္ချာ(မော်လမြိုင်)		
ရုက္ခဗေဒ(မော်လမြိုင်)		
ဥပဒေပညာ(ရန်ကုန်အနောက်ပိုင်း)	၁၄-၁၀-၂၀၁၀ ရက်	၁၇-၁၀-၂၀၁၀ ရက်
ဥပဒေပညာ(ပြည်)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
စီးပွားရေးပညာ(မအူပင်)	မွန်းလွဲ ၂း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
မြန်မာစာ(စစ်တွေ)	ခန်းမ(နောက်ခြမ်း)	(ဒု-ညနေ)
ရူပဗေဒ(ရန်ကုန်အရှေ့ပိုင်း)		

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၁၁-၁၀-၂၀၁၀ ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။(အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာထုတ်ပေးမည်မဟုတ်ပါ။)

၄။ **(၁၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
ဥပဒေပညာ(ရန်ကုန်အရှေ့ပိုင်း)	၂၈-၁၀-၂၀၁၀ ရက်	၃၀-၁၀-၂၀၁၀ ရက်
(၄-ဥ ၁မှ ၂၅၅ အထိ)	(ကြာသပတေးနေ့)	(စနေနေ့)
ပထဝီဝင်(မော်လမြိုင်)	နံနက် ၉း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
သတ္တဗေဒ(ရန်ကုန်အရှေ့ပိုင်း)	ခန်းမ(ရှေ့ခြမ်း)	(ပ-နံနက်)
ရုက္ခဗေဒ(ရန်ကုန်အရှေ့ပိုင်း)		
သိပ္ပံဘာသာရပ်အားလုံး(စစ်တွေ)		
ဥပဒေပညာ(ရန်ကုန်အရှေ့ပိုင်း)	၂၈-၁၀-၂၀၁၀ ရက်	၃၀-၁၀-၂၀၁၀ ရက်
(၄-ဥ ၂၅၆ နှင့်အထက်)	(ကြာသပတေးနေ့)	(စနေနေ့)
ဥပဒေပညာ(မအူပင်)	နံနက် ၉း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
စိတ်ပညာ(တောင်ငူ)	ခန်းမ(နောက်ခြမ်း)	(ပ-ညနေ)
စီးပွားရေးပညာ(တောင်ငူ)		
မြန်မာစာ(ဘားအံ)		
သင်္ချာ(ရန်ကုန်အရှေ့ပိုင်း)		
ဥပဒေပညာ(ထားဝယ်)	၂၈-၁၀-၂၀၁၀ ရက်	၃၁-၁၀-၂၀၁၀ ရက်
ဥပဒေပညာ(တောင်ငူ)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
ဒဿနိကဗေဒ(ရန်ကုန်အရှေ့ပိုင်း)	မွန်းလွဲ ၂း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
သမိုင်း(ထားဝယ်)	ခန်းမ(ရှေ့ခြမ်း)	(ဒု-နံနက်)
သမိုင်း(ပြည်)		
ဓာတုဗေဒ(ရန်ကုန်အရှေ့ပိုင်း)		
(၃-ဓ ၁ မှ ၁၁၇အထိ)		
ဥပဒေပညာ(မော်လမြိုင်)	၂၈-၁၀-၂၀၁၀ ရက်	၃၁-၁၀-၂၀၁၀ ရက်
ဥပဒေပညာ(စစ်တွေ)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
ဥပဒေပညာ(ဘားအံ)	မွန်းလွဲ ၂း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
ဥပဒေပညာ(မြိတ်)	ခန်းမ(နောက်ခြမ်း)	(ဒု-ညနေ)
ဒဿနိကဗေဒ(ရန်ကုန်အနောက်ပိုင်း)		
ပထဝီဝင်(ဟသ်ာတ)		
အင်္ဂလိပ်စာ(ပြည်)		
ဓာတုဗေဒ(ရန်ကုန်အရှေ့ပိုင်း)		
(၃-ဓ ၁၁၉ နှင့်အထက်)		

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၂၅-၁၀-၂၀၁၀ ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာ ထုတ်ပေးမည်မဟုတ်ပါ။)

၅။ **(၁၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
မြန်မာစာ(တောင်ငူ)	၁၁-၁၁-၂၀၁၀ ရက်	၁၃-၁၁-၂၀၁၀ ရက်
အရှေ့တိုင်းပညာ(ဒဂုံ)	(ကြာသပတေးနေ့)	(စနေနေ့)
အရှေ့တိုင်းပညာ(ရန်ကုန်အရှေ့ပိုင်း)	နံနက် ၉း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
အရှေ့တိုင်းပညာ(ပုသိမ်)	ခန်းမ(ရှေ့ခြမ်း)	(ပ-နံနက်)
အရှေ့တိုင်းပညာ(ပြည်)		
အရှေ့တိုင်းပညာ(ထားဝယ်)		
အရှေ့တိုင်းပညာ(တောင်ငူ)		
ဓာတုဗေဒ(ရန်ကုန်အနောက်ပိုင်း)		
သမိုင်း(ရန်ကုန်အရှေ့ပိုင်း)	၁၁-၁၁-၂၀၁၀ ရက်	၁၃-၁၁-၂၀၁၀ ရက်
သမိုင်း(ဘားအံ)	(ကြာသပတေးနေ့)	(စနေနေ့)
မြန်မာစာ(မြိတ်)	နံနက် ၉း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
အရှေ့တိုင်းပညာ(ဟသ်ာတ)	ခန်းမ(နောက်ခြမ်း)	(ပ-ညနေ)
အရှေ့တိုင်းပညာ(ဘားအံ)		
အရှေ့တိုင်းပညာ(ရန်ကုန်အနောက်ပိုင်း)		
အရှေ့တိုင်းပညာ(မအူပင်)		
ဒဿနိကဗေဒ(ပြည်)		
ဒဿနိကဗေဒ(တောင်ငူ)		
ရူပဗေဒ(ရန်ကုန်အနောက်ပိုင်း)		
ပထဝီဝင်(ဒဂုံ)	၁၁-၁၁-၂၀၁၀ ရက်	၁၄-၁၁-၂၀၁၀ ရက်
မြန်မာစာ(ပဲခူး)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
(၃-မ ၁ မှ ၂၅၅ အထိ)	မွန်းလွဲ ၂း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
ပြည်သူ့ရေးရာ(ဒဂုံ)	ခန်းမ(ရှေ့ခြမ်း)	(ဒု-နံနက်)
ပြည်သူ့ရေးရာ(ရန်ကုန်အရှေ့ပိုင်း)		
ပြည်သူ့ရေးရာ(ပြည်)		
ရုက္ခဗေဒ(ရန်ကုန်အနောက်ပိုင်း)		
သိပ္ပံဘာသာရပ်အားလုံး(မအူပင်)		
မြန်မာစာ(ပဲခူး)	၁၁-၁၁-၂၀၁၀ ရက်	၁၄-၁၁-၂၀၁၀ ရက်
(၃-မ ၂၅၆ နှင့်အထက်)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
ဒဿနိကဗေဒ(ဒဂုံ)	မွန်းလွဲ ၂း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
ဒဿနိကဗေဒ(ဘားအံ)	ခန်းမ(နောက်ခြမ်း)	(ဒု-ညနေ)
ဒဿနိကဗေဒ(မအူပင်)		
သင်္ချာ(ရန်ကုန်အနောက်ပိုင်း)		
သတ္တဗေဒ(ရန်ကုန်အနောက်ပိုင်း)		

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၈-၁၁-၂၀၁၀ ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာ ထုတ်ပေးမည်မဟုတ်ပါ။)

၆။ **(၁၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
မြန်မာစာ(မအူပင်)	၂-၁၂-၂၀၁၀ ရက်	၄-၁၂-၂၀၁၀ ရက်
(၃-မ ၁ မှ ၄၇၆ အထိ)	(ကြာသပတေးနေ့)	(စနေနေ့)
စိတ်ပညာ(ဒဂုံ)	နံနက် ၉း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
စိတ်ပညာ(မော်လမြိုင်)	ခန်းမ(ရှေ့ခြမ်း)	(ပ-နံနက်)
သမိုင်း(စစ်တွေ)		
ရူပဗေဒ(ပဲခူး)		
မြန်မာစာ(မအူပင်)	၂-၁၂-၂၀၁၀ ရက်	၄-၁၂-၂၀၁၀ ရက်
(၃-မ ၄၇၈ နှင့်အထက်)	(ကြာသပတေးနေ့)	(စနေနေ့)
မြန်မာမှု(ဒဂုံ)	နံနက် ၉း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
မြန်မာမှု(ရန်ကုန်အရှေ့ပိုင်း)	ခန်းမ(နောက်ခြမ်း)	(ပ-ညနေ)
မြန်မာမှု(ဟသ်ာတ)		
မြန်မာမှု(ရန်ကုန်အနောက်ပိုင်း)		
သမိုင်း(တောင်ငူ)		
သင်္ချာ(ပဲခူး)		
သတ္တဗေဒ(ပဲခူး)		
သမိုင်း(ပုသိမ်)	၂-၁၂-၂၀၁၀ ရက်	၅-၁၂-၂၀၁၀ ရက်
အင်္ဂလိပ်စာ(ရန်ကုန်အရှေ့ပိုင်း)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
စီးပွားရေးပညာ(ဟသ်ာတ)	မွန်းလွဲ ၂း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
စီးပွားစီမံ(ပြည်)	ခန်းမ(ရှေ့ခြမ်း)	(ဒု-နံနက်)
စီးပွားစီမံ(တောင်ငူ)		
စီးပွားစီမံ(ဟသ်ာတ)		
စီးပွားစီမံ(မြိတ်)		
စီးပွားစီမံ(ရန်ကုန်အနောက်ပိုင်း)		
စီးပွားစီမံ(မအူပင်)		
ဓာတုဗေဒ(ပဲခူး)		
ရုက္ခဗေဒ(ပဲခူး)		
ပထဝီဝင်(တောင်ငူ)	၂-၁၂-၂၀၁၀ ရက်	၅-၁၂-၂၀၁၀ ရက်
စီးပွားရေးပညာ(ရန်ကုန်အရှေ့ပိုင်း)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
စီးပွားရေးပညာ(မော်လမြိုင်)	မွန်းလွဲ ၂း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
စီးပွားရေးပညာ(ပုသိမ်)	ခန်းမ(နောက်ခြမ်း)	(ဒု-ညနေ)
စီးပွားရေးပညာ(စစ်တွေ)		
စီးပွားရေးပညာ(ထားဝယ်)		
သိပ္ပံဘာသာရပ်အားလုံး(ဘားအံ)		
သိပ္ပံဘာသာရပ်အားလုံး(မြိတ်)		

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၂၉-၁၁-၂၀၁၀ ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာ ထုတ်ပေးမည်မဟုတ်ပါ။)

၇။ **(၁၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
မြန်မာစာ(ရန်ကုန်အရှေ့ပိုင်း)	၁၆-၁၂-၂၀၁၀ ရက်	၁၈-၁၂-၂၀၁၀ ရက်
(၃-မ ၁ မှ ၄၇၂ အထိ)	(ကြာသပတေးနေ့)	(စနေနေ့)
သမိုင်း(ဟသ်ာတ)	နံနက် ၉း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
အင်္ဂလိပ်စာ(ပုသိမ်)	ခန်းမ(ရှေ့ခြမ်း)	(ပ-နံနက်)
အင်္ဂလိပ်စာ(ထားဝယ်)		
သင်္ချာ(တောင်ငူ)		
သတ္တဗေဒ(တောင်ငူ)		
သိပ္ပံဘာသာရပ်အားလုံး(ဟသ်ာတ)		
မြန်မာစာ(ရန်ကုန်အရှေ့ပိုင်း)	၁၆-၁၂-၂၀၁၀ ရက်	၁၈-၁၂-၂၀၁၀ ရက်
(၃-မ ၄၇၄နှင့်အထက်)	(ကြာသပတေးနေ့)	(စနေနေ့)
ပထဝီဝင်(ပဲခူး)	နံနက် ၉း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
အင်္ဂလိပ်စာ(မြိတ်)	ခန်းမ(နောက်ခြမ်း)	(ပ-ညနေ)
ရူပဗေဒ(တောင်ငူ)		
ဓာတုဗေဒ(တောင်ငူ)		
ရုက္ခဗေဒ(တောင်ငူ)		
အင်္ဂလိပ်စာ(နိုင်ငံခြား)	၁၆-၁၂-၂၀၁၀ ရက်	၁၉-၁၂-၂၀၁၀ ရက်
အင်္ဂလိပ်စာ(ဒဂုံ)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
မြန်မာစာ(ဟသ်ာတ)	မွန်းလွဲ ၂း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
(၃-မ ၁ မှ ၅၀၆အထိ)	ခန်းမ(ရှေ့ခြမ်း)	(ဒု-နံနက်)
ရသစာပေအရေးအသား(ဒဂုံ)		
ရသစာပေအရေးအသား(ရန်ကုန်အရှေ့ပိုင်း)		
ရသစာပေအရေးအသား(ပုသိမ်)		
ရသစာပေအရေးအသား(ဟသ်ာတ)		
ရသစာပေအရေးအသား(ပြည်)		
ရသစာပေအရေးအသား(တောင်ငူ)		
ရသစာပေအရေးအသား(ရန်ကုန်အနောက်ပိုင်း)		
ရသစာပေအရေးအသား(မအူပင်)		
စိတ်ပညာ(ပုသိမ်)		
ဓာတုဗေဒ(ဒဂုံ)		
(၃-ဓ ၁ မှ ၁၂၅ အထိ)		
မြန်မာစာ(ဟသ်ာတ)	၁၆-၁၂-၂၀၁၀ ရက်	၁၉-၁၂-၂၀၁၀ ရက်
(၃-မ ၅၁၁ နှင့်အထက်)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
စီးပွားစီမံ(ဒဂုံ)	မွန်းလွဲ ၂း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
စီးပွားစီမံ(ရန်ကုန်အရှေ့ပိုင်း)	ခန်းမ(နောက်ခြမ်း)	(ဒု-ညနေ)
စီးပွားစီမံ(မော်လမြိုင်)		
စီးပွားစီမံ(ပုသိမ်)		
စိတ်ပညာ(ဘားအံ)		
စိတ်ပညာ(ဟသ်ာတ)		
ဓာတုဗေဒ(ဒဂုံ)		
(၃-ဓ ၁၂၇ နှင့်အထက်)		

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၁၃-၁၂-၂၀၁၀ ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာ ထုတ်ပေးမည်မဟုတ်ပါ။)

၈။ **အကြိမ်(၁၂၀)မြောက် ဘွဲ့နှင်းသဘင်**

အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
မြန်မာစာ(နိုင်ငံခြား)	၃၀-၁၂-၂၀၁၀ ရက်	၁-၁-၂၀၁၁ ရက်
မြန်မာစာ(ဒဂုံ)	(ကြာသပတေးနေ့)	(စနေနေ့)
(၃-မ ၁ မှ ၅၅၃ အထိ)	နံနက် ၉း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
	ခန်းမ (ရှေ့ခြမ်း)	(ပ-နံနက်)

သတင်းစာကိုယ်စားလှယ်လျှောက်ထားနိုင်

The New Light Of Myanmar သတင်းစာဖတ် ပရိသတ်များ၏ဆန္ဒကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ သတင်းစာစောင်ရေများ တိုးတက် ထုတ်ဝေပေးသွားမည်ဖြစ်ပါသည်။ သတင်းစာများ ပိုမိုဖြန့်ချိနိုင်ရေးအတွက် သတင်းစာကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသူများ-

The New Light Of Myanmar သတင်းစာတိုက်
ဖုန်းအမှတ်-၀၁-၃၉၂၂၂၆
၀၁-၃၉၂၃၀၄တို့သို့ ဆက်သွယ်နိုင်ပါသည်။

ကမ္ဘာ့ဗုဒ္ဓသာသနာလင်္ကာရ ကမ္ဘာ့ဓသာမဏေကျော်စာမေးပွဲကျင်းပမည်

ဒွါဒသမအကြိမ် ကမ္ဘာ့ဗုဒ္ဓသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲကြီးကို တောင်ကြီးမြို့၊ အတုလမာရဇိန်ဆုတောင်းပြည့်မြတ်စွာဘုရား၊ မြို့လယ်ဓမ္မာရုံ ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၇၂ခုနှစ် သီတင်းကျွတ်လပြည့်ကျော်၇ရက်မှ ၁၃ရက်အထိ (အောက်တိုဘာ၃၀ရက်မှ နိုဝင်ဘာ ၅ ရက်အထိ)ခုနစ်ရက်တိုင်တိုင် ကျင်းပသွားမည် ဖြစ်သည်။

သီတင်းကျွတ်လပြည့်ကျော်၇ရက် စာမေးပွဲဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပထမဆင့်ဖြေဆိုကြမည့်သာမဏေများသည် နှုတ်မေးခွန်း ဖြေဆို၍ ၈၊၉၊၁၀ရက်များတွင် ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် သုံးဆင့်လုံးသဘောရေးဖြေ ဖြေဆိုကြရမည်ဖြစ်ပြီး ဘွဲ့လက်မှတ်နှင့် စာအောင်ဆုဆက်ကပ်ပွဲကို ၁၃ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဖြေဆိုလိုသည့် သာမဏေများသည် ဝင်ခွင့်ပုံစံများတောင်းယူဖြည့်စွက်ပြီး **အတွင်းရေးမှူး ဦးထွန်းအေးလေး၊ မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်ရပ်၊ တောင်ကြီးမြို့**သို့ လိပ်မူ၍ တော်သလင်းလကွယ်နေ့ (အောက်တိုဘာ ၈ ရက်)ထက်နောက်မကျစေဘဲ ပေးပို့ကြရန်နှင့် သိရှိလိုသည်များကို **ဂေါပကအဖွဲ့ ဖုန်း-၀၈၁-၂၁၆၇၃**သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ချင်းကုန်းကျောင်းသား၊ ကျောင်းသူဟောင်းများ သိစေရန်

ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ချင်းကုန်းရွာ တွဲဖက်အထကကျောင်းမှ ဆရာကြီး ဦးတင်သိန်းနှင့်တကွ ဆရာ၊ ဆရာမများအား ပူဇော်ကန်တော့မည်ဖြစ်ပါသဖြင့် (မည်သည့်နှစ်ကျောင်းသား ကျောင်းသူမဆို) အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ဗိုလ်ကြီးသန့်ဇင်ဦး	**ဖုန်း-၀၅၂-၇၀၂၂၀၊**
မသီဂီစိုး	**ဖုန်း-၀၉-၂၀၄၃၇၂၉၊**
မပပခိုင်	**ဖုန်း-၀၉-၅၀၆၉၈၄၈၊**
မစန်းစန်းဝင်း	**ဖုန်း-၀၁-၂၆၉၁၉၃၊**
မအိသက်မွန်	**ဖုန်း-၀၅၃-၂၈၀၇၈၊**
မဖြိုးဝေဇင်	**ဖုန်း-၀၉-၅၃၇၆၇၇၈၊**
မအိဝေဇင်	**ဖုန်း-၀၉-၅၀၆၉၄၅၄။**

မွေးနေ့ဆုတောင်း

သားကြီး မောင်ပြည့်ကျော် ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)၊

သမီးလေး မထူးသွင်ဟန် 1st year မွေး-ဆေးတက္ကသိုလ် (ရေဆင်း)

ယနေ့ ၁၇-၉-၂၀၁၀ရက်တွင် ကျရောက်သော မွေးနေ့မှစ၍ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် ရည်မှန်းထားသော ဘဝပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြပါစေ-

ဖေဖေ-ဦးကျော်နိုင်
မေမေ-ဒေါ်သန်းသန်းငွေ(September Fashion)
သပြေကုန်း၊ နေပြည်တော်။

အမည်မှန်

ဦးစိုင်းမောက်၏သား ကျိုင်းတုံမြို့ အထက(၅) တက္ကသိုလ်ဝင်တန်း(B)မှ မောင်စိုင်းလ၏ အမည်မှန်မှာ မောင်စိုင်းဆမ် ၁၃/ကတန(နိုင်)၁၃၄၆၈၃ ဖြစ်ပါကြောင်း။ **မောင်စိုင်းဆမ်။**

အမည်မှန်

ဦးကျမော့၏သား ကျိုင်းတုံမြို့ အထက(၅) တက္ကသိုလ်ဝင်တန်း(B)မှ မောင်ကျာဖေ့၏ အမည်မှန်မှာ မောင်ကျဖေး ၁၃/ကတန(နိုင်)၁၂၇၀၄၈ ဖြစ်ပါကြောင်း။ **မောင်ကျဖေး။**

တေဇ(၁၃)မှ သူငယ်ချင်းများနှင့် မိသားစုများအားလုံး

(၂၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုများအားလုံး အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

၁။ **မိတ်ဆုံစားပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား**

* Excel Treasure Hotel, 10th Floor၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်။ ၂၅-၉-၂၀၁၀ရက် (စနေနေ့) ညနေ ၆နာရီ၊ Dream Boat Game အဖွဲ့ဖြင့်ဖျော်ဖြေပါမည်။

၂။ **အာစရိယပူဇော်ပွဲ**

* ၂၆-၉-၂၀၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၈:၃၀နာရီ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ တေဇ(၁၃)မှ ကွယ်လွန်သွားသော သူငယ်ချင်းများအား ရည်စူး၍ သံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများကပ်လှူခြင်း၊ ဘိုးဘွားများအား တစ်နေ့တာ အာဟာရလှူဒါန်းခြင်း(အာစရိယပူဇော်ပွဲအပြီးဆက်လက်ကျင်းပပါမည်။)

သာရေး၊ နာရေးဖြစ်မြောက်ရေးကော်မတီ။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်ရွဲလမ်း၊ အမှတ် ၁၀၈ဟု ခေါ်တွင်သောအဆောက်အအုံနှင့် မြေ၏ ပိုင်ရှင်ဖြစ်သူ ဦးသက်ဝေ ၁၂/လသန(ဧည့်) ၀၀၀၂၆၃၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ အဆောက်အအုံ၏ မြေညီထပ်၊ ပထမထပ်နှင့် ဒုတိယထပ်တို့တွင် နေထိုင်လျက်ရှိကြသောအိမ်ငှားများမှာ မူလအဆောက်အအုံဟောင်းကတည်းက နေထိုင်လာကြသူများဖြစ်ခြင်းကြောင့် ယင်းအခန်းများကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ပြင်ဆင်ခြင်းတို့ကို ပြုပိုင်ခွင့်မရှိသော အခန်းများဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသက်ဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းထိုက်	**ဦးမောင်မောင်အေး**	**ဦးစံမြင့်**
(LL.B)	**(B.Sc, H.G.P, R.L)**	**(B.A,R.L)**
(စဉ်-၂၂၄၆၈)	**(စဉ်-၉၄၄၀)**	**(စဉ်-၂၈၄၂)**

အထက်တန်းရှေ့နေများ တရားရုံးချုပ်ရှေ့နေ
ရုံးအမှတ်၅၈(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၃၇၆၃၁၉၊ ၀၁-၅၆၅၂၉၂၊
၀၁-၇၃၀၁၅၀၅၀၊ ၀၉-၅၁၂၈၆၇၀။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ရန်ကုန်မြို့နှင့် ကျောက်ဆည် မြို့များ၌ရှိသောစက်ရုံများသို့ ရန်ကုန်ဆိပ်ကမ်းများမှ ကုန်သေတ္တာများ ပို့ဆောင်ရန် (ပစ္စည်းတင်ချခအပါအဝင်)အတွက် ကုန်သေတ္တာတင်မော်တော်ယာဉ် ငှားရမ်းရန် တင်ဒါခေါ်ယူခြင်းဖြစ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၀-၉-၂၀၁၀ရက်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့်အချက်အလက်များအား အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန ဖုန်း-၀၆၇-၄၀၈၁၉၅ နှင့် ၀၁-၅၃၀၄၄၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း။

ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး သုံးဖက်မြင်ဓာတ်လှေကားသစ်ကြီး ဖွင့်လှစ်ပွဲကျင်းပမည်

၁။ ပြည်မြို့၊ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော် မြတ်ကြီး သုံးဖက်မြင် ဓာတ်လှေကားသစ်ကြီး တည်ဆောက်ပြီးစီးပြီးဖြစ်ပါ၍ ဓာတ်လှေကားသစ်ကြီး ဖွင့်လှစ်ပွဲကျင်းပပြီး ကုသိုလ်ကောင်းမှုအစုစုကို ရေစက်သွန်းချ အမျှဝေတော့မည်ဖြစ်ပါသည်။

၂။ သို့ဖြစ်၍ ပါရမီရှင်များ၊ စေတနာရှင်များ၊ အလှူရှင်များသည် ပြည်မြို့လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော် ကျားပုံမကောက်ဓမ္မာရုံသို့ (၁၃၇၂ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက်) ၂၂-၉-၂၀၁၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီ အရောက် ကြွရောက်ကြည်ညိုကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(အလှူရှင်များထံသို့ ဖွင့်လှစ်ပွဲဖိတ်ကြားစာများ ပေးပို့ထားပါသည်။ ဖိတ်ကြားစာ မရပါကလည်း ကြွရောက်ပါရန်လေးစားစွာဖိတ်ကြားအပ်ပါသည်။)

ဂေါပကအဖွဲ့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပခ/၅၄၃၇၂ လက်ဝယ်ရှိသူ ဦးကျော်နိုင်လင်း ၇/ ရတရ(နိုင်)၁၀၇၄၆၀က (ကမ-၃) ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ တောင်ငူ။

အမည်မှန်

ဦးစိုင်းကိန်၏သမီး ကျိုင်းတုံမြို့ အထက(၅) တက္ကသိုလ်ဝင်တန်း(B)မှ နန်းရဲန်လှ၏အမည်မှန်မှာ နန်းရဲန်လာ ၁၃/ကတန(နိုင်)၁၃၅၃၇၇ ဖြစ်ပါကြောင်း။ **နန်းရဲန်လာ။**

အမည်ပြောင်း

ဦးအောင်ဆွေမြင့်၏သား အထက(၁)လယ်ဝေး သတ္တမတန်း(C)မှ မောင်ကောင်းမင်းဆက်အား မောင်ထက်ဦးဝေယံဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်ထက်ဦးဝေယံ။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၈၁၀၃၄ Yamaha Lanza-225 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်းချမ်း ၁၃/ကတန(နိုင်)၁၀၅၇၁၃ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံးသွား၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊(ပြည်နယ်ရုံး)၊ကျိုင်းတုံ။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပသ/၇၃၈၅၆ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးဟန်မောင် ၁၄/မဂန(နိုင်)၀၅၈၅၆၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊(ခရိုင်ရုံး)၊ဟသ်ာတ။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပသ/၄၂၇၃ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြခိုင် ၁၄/မဂန(နိုင်)၀၈၃၀၄၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (ခရိုင်ရုံး)၊ ဟသ်ာတ။**

အမွေပြတ်စွန့်လွှတ်ခြင်း

မအူပင်မြို့၊ (၅)ရပ်ကွက် အမှတ် ၃၀၊ ၈ လမ်းနေ ကျွန်တော်ကျွန်မတို့၏သား မောင်မင်းမင်းထွဋ်(ခ) ထွဋ်ထွဋ်သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

ဦးခွေးလေး
၁၄/ဒဒရ(ဧည့်)၀၀၀၀၁၈၊
ဒေါ်လှလှဝေ
၁၄/မအပ(နိုင်)၀၁၃၅၉၉။

သမိုင်း(မော်လမြိုင်)
ဒဿနိကဗေဒ(စစ်တွေ)
ဒဿနိကဗေဒ(ထားဝယ်)
ဒဿနိကဗေဒ(မြိတ်)
ရူပဗေဒ(ဒဂုံ)
(၃-ရပ ၁ မှ ၁၅၄ အထိ)

မြန်မာစာ(ဒဂုံ) (၃-မ ၅၅၇နှင့် အထက်) ဒဿနိကဗေဒ(မော်လမြိုင်) ဒဿနိကဗေဒ(ပုသိမ်) ဒဿနိကဗေဒ(ဟသ်ာတ) စိတ်ပညာ(စစ်တွေ) ရူပဗေဒ(ဒဂုံ) (၃-ရပ ၁၅၅မှ ၃၁၂ အထိ)	၃၀-၁၂-၂၀၁၀ ရက် (ကြာသပတေးနေ့) နံနက် ၉:၀၀ နာရီ ခန်းမ(နောက်ခြမ်း)	၁-၁-၂၀၁၁ ရက် (စနေနေ့) မွန်းလွဲ ၂:၃၀ နာရီ (ပ-ညနေ)
ပထဝီဝင်(မအူပင်) (၃-ပ ၂ မှ ၄၆၇ အထိ) စီးပွားရေးပညာ(ဒဂုံ) (၃-စီး ၂ မှ ၅၄၉ အထိ) စိတ်ပညာ(ထားဝယ်) စိတ်ပညာ(မြိတ်) စိတ်ပညာ(ရန်ကုန်အနောက်ပိုင်း) စိတ်ပညာ(မအူပင်) ရူပဗေဒ(ဒဂုံ) (၃-ရပ ၃၁၄နှင့်အထက်)	၃၀-၁၂-၂၀၁၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂:၀၀ နာရီ ခန်းမ(ရှေ့ခြမ်း)	၂-၁-၂၀၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီ (ဒု-နံနက်)
မြန်မာစာ(ထားဝယ်) စီးပွားရေးပညာ(ဒဂုံ) (၃-စီး ၅၅၁ နှင့်အထက်) ပထဝီဝင်(စစ်တွေ) ပထဝီဝင်(မအူပင်) (၃-ပ ၄၇၀ နှင့်အထက်) အင်္ဂလိပ်စာ(စစ်တွေ) သတ္တဗေဒ(ဒဂုံ)	၃၀-၁၂-၂၀၁၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂:၀၀ နာရီ ခန်းမ(နောက်ခြမ်း)	၂-၁-၂၀၁၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၃၀ နာရီ (ဒု-ညနေ)

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၂၇-၁၂-၂၀၁၀ ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာ ထုတ်ပေးမည်မဟုတ်ပါ။)

၉။ **(၁၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
မြန်မာစာ(ရန်ကုန်အနောက်ပိုင်း) (၃-မ ၃ မှ ၅၉၂ အထိ) စိတ်ပညာ(ရန်ကုန်အရှေ့ပိုင်း) အိမ်တွင်းစီးပွား(ဒဂုံ) အိမ်တွင်းစီးပွား(ရန်ကုန်အရှေ့ပိုင်း) အိမ်တွင်းစီးပွား(ရန်ကုန်အနောက်ပိုင်း) အိမ်တွင်းစီးပွား(မအူပင်) ပထဝီဝင်(ထားဝယ်) အင်္ဂလိပ်စာ(ဟသ်ာတ) သင်္ချာ(ဒဂုံ) (၃-သခ ၁ မှ ၁၃၃ အထိ)	၂၀-၁-၂၀၁၁ ရက် (ကြာသပတေးနေ့) နံနက် ၉:၀၀ နာရီ ခန်းမ(ရှေ့ခြမ်း)	၂၂-၁-၂၀၁၁ ရက် (စနေနေ့) နံနက် ၉:၀၀ နာရီ (ပ-နံနက်)
မြန်မာစာ(ရန်ကုန်အနောက်ပိုင်း) (၃-မ ၅၉၅နှင့် အထက်) သမိုင်း(ပဲခူး) စီးပွားရေးပညာ(မြိတ်) သင်္ချာ(ဒဂုံ) (၃-သခ ၁၃၄ နှင့်အထက်)	၂၀-၁-၂၀၁၁ ရက် (ကြာသပတေးနေ့) နံနက် ၉:၀၀ နာရီ ခန်းမ(နောက်ခြမ်း)	၂၂-၁-၂၀၁၁ ရက် (စနေနေ့) မွန်းလွဲ ၂:၃၀ နာရီ (ပ-ညနေ)
ပထဝီဝင်(ပြည်) (၃-ပ ၁ မှ ၄၀၉ အထိ) အင်္ဂလိပ်စာ(ရန်ကုန်အနောက်ပိုင်း) အင်္ဂလိပ်စာ(မအူပင်) သမိုင်း(ရန်ကုန်အနောက်ပိုင်း) ရုက္ခဗေဒ(ဒဂုံ) သတ္တဗေဒ(ပြည်) ရုက္ခဗေဒ(ပြည်)	၂၀-၁-၂၀၁၁ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂:၀၀ နာရီ ခန်းမ(ရှေ့ခြမ်း)	၂၃-၁-၂၀၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီ (ဒု-နံနက်)
ပထဝီဝင်(ပြည်) (၃-ပ ၄၁၀နှင့်အထက်) အင်္ဂလိပ်စာ(ဘားအံ) သမိုင်း(မအူပင်) စီးပွားရေးပညာ(ဘားအံ) စီးပွားရေးပညာ(ပြည်) ရူပဗေဒ(ပြည်) သင်္ချာ(ပြည်)	၂၀-၁-၂၀၁၁ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂:၀၀ နာရီ ခန်းမ(နောက်ခြမ်း)	၂၃-၁-၂၀၁၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၃၀ နာရီ (ဒု-ညနေ)

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၁၇-၁-၂၀၁၁ ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာ ထုတ်ပေးမည်မဟုတ်ပါ။)

၁၀။ **(၁၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
မြန်မာစာ(ပုသိမ်) (၃-မ ၁ မှ ၅၇၂ အထိ) ပထဝီဝင်(ရန်ကုန်အနောက်ပိုင်း) ဓာတုဗေဒ(ပြည်)	၃-၂-၂၀၁၁ ရက် (ကြာသပတေးနေ့) နံနက် ၉:၀၀ နာရီ ခန်းမ(ရှေ့ခြမ်း)	၅-၂-၂၀၁၁ ရက် (စနေနေ့) နံနက် ၉:၀၀ နာရီ (ပ-နံနက်)
မြန်မာစာ(ပုသိမ်) (၃-မ ၅၇၄ နှင့်အထက်) စီးပွားရေးပညာ(ရန်ကုန်အနောက်ပိုင်း)	၃-၂-၂၀၁၁ ရက် (ကြာသပတေးနေ့) နံနက် ၉:၀၀ နာရီ ခန်းမ(နောက်ခြမ်း)	၅-၂-၂၀၁၁ ရက် (စနေနေ့) မွန်းလွဲ ၂:၃၀ နာရီ (ပ-ညနေ)
မြန်မာစာ(ပြည်) (၃-မ ၁ မှ ၅၇၂ အထိ) ပထဝီဝင်(ရန်ကုန်အရှေ့ပိုင်း) (၃-ပ ၁ မှ ၃၃၅ အထိ) သမိုင်း(မြိတ်) စိတ်ပညာ(ပြည်)	၃-၂-၂၀၁၁ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂:၀၀ နာရီ ခန်းမ(ရှေ့ခြမ်း)	၆-၂-၂၀၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီ (ဒု-နံနက်)
မြန်မာစာ(ပြည်) (၃-မ ၅၇၃ နှင့်အထက်) ပထဝီဝင်(ရန်ကုန်အရှေ့ပိုင်း) (၃-ပ ၃၃၆ နှင့်အထက်)	၃-၂-၂၀၁၁ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂:၀၀ နာရီ ခန်းမ(နောက်ခြမ်း)	၆-၂-၂၀၁၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၃၀ နာရီ (ဒု-ညနေ)

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၃၁-၁-၂၀၁၁ ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာ ထုတ်ပေးမည်မဟုတ်ပါ။)

တင်တင်ဝင်း (မော်ကွန်းထိန်း)
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၉၉/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၉၉/၂၀၁၀)
၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ရက်
(၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ရက်)

ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း

၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ ၇ရက်နေ့၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကချင်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်မြေများတွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၈(စ)အရ ထုတ်ပြန်ကြေညာလိုက်သည်-

အမှတ်စဉ်	မြို့နယ်	ရပ်ကွက်/ကျေးရွာအုပ်စု
၁။	ဝိုင်းမော်မြို့နယ်	၁။ စန်ပိုင်ကျေးရွာအုပ်စု၊ ၂။ ဖော့ဒေါ့ ကျေးရွာအုပ်စု။
၂။	အင်ဂျန်းယန်မြို့နယ်	၁။ အင်ဖျင်ဂါး ကျေးရွာအုပ်စု၊ ၂။ ဖုန်ဂန် ကျေးရွာအုပ်စု၊ ၃။ အင်ဒုံးယန် ကျေးရွာအုပ်စု၊ ၄။ ဆွမ်ဖောင်း ကျေးရွာအုပ်စု၊ ၅။ ဂျိန်မာယန် ကျေးရွာအုပ်စု၊ ၆။ ပင်လောင် ကျေးရွာအုပ်စု၊ ၇။ မထွမ် ကျေးရွာအုပ်စု၊ ၈။ ရှဂရီဘွမ် ကျေးရွာအုပ်စု၊ ၉။ အင်ဥမ်းလ ကျေးရွာအုပ်စု၊ ၁၀။ ကထန်တူ ကျေးရွာအုပ်စု၊

စာမျက်နှာ ၉ ကော်လံ ၄ ✻

ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၀၀/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁၀၀/၂၀၁၀)
၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ရက်
(၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ရက်)

ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ရက်နေ့၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကယားပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်မြေများတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၈(စ)အရ ထုတ်ပြန်ကြေညာလိုက်သည် -

အမှတ်စဉ်	မြို့နယ်	ရပ်ကွက်/ကျေးရွာအုပ်စု
၁။	ဖရူဆိုမြို့နယ်	၁။ ကေကော ကျေးရွာအုပ်စု၊ ၂။ သိုသီးဖို ကျေးရွာအုပ်စု၊ ၃။ ရောဒေါ်ခေါ ကျေးရွာအုပ်စု၊ ၄။ ဒိုမိုစော ကျေးရွာအုပ်စု။
၂။	ဖာဆောင်းမြို့နယ်	၁။ ကရယ်ခီး ကျေးရွာအုပ်စု၊ ၂။ မိုဆာခီး ကျေးရွာအုပ်စု၊ ၃။ ကွာခီး ကျေးရွာအုပ်စု၊ ၄။ ကော်သူဒိုး ကျေးရွာအုပ်စု၊ ၅။ ဗဟန်းလော့ ကျေးရွာအုပ်စု။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်